ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (8-1-2007) (၅၁၉၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပေါင်းလောင်းအရှေ့တောင်ပေါ်ကျေးရွာ ၆၇ ရွာအနက် ရေအားလျှပ်စစ်မီးစက် ၂၈ ရွာ တပ်ဆင်ပြီးစီး ကျန် ၃၉ ရွာ မီးရရှိရေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ဘန်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာရှိ သုတဘဏ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားနှင့် ရေအားလျှပ်စစ်မီးစက် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ကြသည်။

အစီအစဉ်အရ ဆိတ်ဖူးတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထိန်လင်းနှင့် ကျေးရွာစည်းရုံးရေးမှူး ဦးခင်မောင်ထွေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာမီးလင်းရေးအတွက် ရေအားလျှပ်စစ်မီးစက်ခလုတ်ကို ဖွင့်လှစ်ပေးပြီး ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ ၁၅၀ ကို ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးသို့ ပေးအပ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ရေနီမြို့ ရေနီအမှတ်(၂) စက္ကူစက်ရုံရှိ ပျော့ဖတ်စက်ရုံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရေဝတီတံတား (ရတနာပုံ) ပင်မတံတား သံကူကွန်ကရစ် ကြမ်းခင်းပြားခင်းခြင်းလုပ်ငန်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိပြီး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)က ဆောင်ရွက်လျက်ရှိသည့် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းနှင့် တံတားကြီးအဆင်း ဆက်သွယ်သည့် မန္တလေးဘက်ကမ်းအဝိုင်းပတ်လမ်း ဖောက်လုပ်၍ ကျောက်ကတ္တရာလမ်းခင်းကြိတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးဝင်းတင်က မန္တလေးဘက်ကမ်း အဝိုင်းပတ်လမ်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်း ကျောက်ခင်းဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်တံတားပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အောက်ခံမြေသားသိပ်သည်းမှုရအောင် ခင်းကြိတ်ပြီးမှ ခွဲကျောက်များကို သတ်မှတ်စံချိန်စံညွှန်းမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး တံတားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းရှိ တံတားကြီးပေါ် ပင်မသံပေါင်ခုံး၌ သံကူကွန်ကရစ် ကြမ်းခင်းပြားခင်းခြင်း၊ ယာဉ်သွားလမ်းဘေးကာ သံကူကွန်ကရစ် ပြုလုပ်ခြင်းနှင့် ဘေးနှစ်ဖက် လူလျှောက်လမ်း သံလက်ရန်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

ယနေ့ မိုးလေဝသ

၈-၁-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၈-၁-၂၀၀၇
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများတွင် တက်ကြွစွာပါဝင်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအခြေခံများကို မြှင့်တင်ပေးရင်း ရေရှည်တည်တံ့သည့် လူနေမှုဘဝ တိုးတက်မြင့်မားမှု၊ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့နိုင်ငံတော်၏ အခြေအနေကိုကြည့်လျှင် ပြည်သူများ၏ စီးပွားရေး၊ ပညာရေးတိုးတက်မှုများ၊ ကျန်းမာရေးအခြေခံ မြင့်မားလာမှုများနှင့်အတူ ကျေးလက်ဒေသနှင့် နယ်စပ်အစွန်အဖျားဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသ အစိတ်အပိုင်းများ အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သီးနှံထုတ်လုပ်မှု တိုးတက်စေရန် ဆည်မြောင်းတာတမံပေါင်း ၁၉၃ ခုကို တည်ဆောက်ပေးနိုင်သဖြင့် လယ်မြေဧက ၂ ဒသမ ၆ သန်းကျော်ကို အကျိုးပြုနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိသဖြင့် လူဦးရေနှင့် နိုင်ငံပိုင်နက် နယ်မြေအနေအထားအချိုးအစားမှာ မျှတကောင်းမွန်နေဆဲဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှုအနေဖြင့် လက်ရှိလူဦးရေအတွက် ဖူလုံပိုလျှံသည်သာမက နောင်အနာဂတ်တွင် တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာဖူလုံစေရေး စီမံထားရှိပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်၌ လက်တွေ့မျက်မြင်အနေအထားနှင့် တိကျခိုင်မာသည့် ကိန်းဂဏန်းအချက်အလက်များအရပါ ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသော်လည်း အဆိုးမြင်ဝါဒီ အဖျက်သမားများက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို မျက်ကွယ်ပြုပြီး အဖျက်အမှောင့်လုပ်ရပ်များဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ပျက်စီးစေရန် လုပ်ကြံဖန်တီးလျက်ရှိကြသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် အသိအမြင် ကျယ်ကျယ်ပြန့်ပြန့်ထား၍ တွေးခေါ်မြော်မြင်နိုင်မှသာ အဆိုးမြင် ဝါဒီများ၏ လုပ်ကြံဖန်တီး ပုံဖော်နေမှုများကို မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်နိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အပြုသဘောနှင့် အဖျက်သဘောကို ခွဲခြားသိမြင်သည်နှင့်အမျှ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ မတည်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ရန်ပုံငွေ မတည်ပေးအပ်ပွဲနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆုများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်ပညာရေးမှူးများ၊ တိုင်း၊ ခရိုင် အထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအသင်းဝင်များ၊ ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မိခင်နှင့်ကလေးများ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပြီး မတည်ငွေများကို အလေအလွင့်မရှိအောင် သုံးစွဲရေး မှာကြားသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စီးပွားရေးဆိုင်ရာ မတည်ရင်းနှီးငွေ ကျပ်သိန်း ၅၀ ကို ခရိုင်များကိုယ်စား ပုသိမ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရင်ရင်ရွှေအားလည်းကောင်း၊ ပုသိမ်၊ ဟင်္သာတ၊ ဖျာပုံခရိုင်များအတွက် မျက်စိဆောင်နှင့် သားဖွားမီးယပ်ဆောင်များအတွက် မတည်ငွေများကိုလည်းကောင်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဆွေဝင်းက မြောင်းမြနှင့် မအူပင်ခရိုင်များအတွက် မတည်ငွေများကို လည်းကောင်း၊ ပညာရေး၊ လူမှုရေး ရန်ပုံငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

၎င်းနောက် တိုင်းပညာရေးမှူးများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆုများရရှိသော ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မတည်ငွေကျပ် သိန်း ၁၅၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ မတည်ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)အကြိမ် (၂၀) မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)က သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။ (၆၁)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ပညာရေးထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲကို ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး သိမ်တော်ကြီးခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများ၊ ပညာသင်ထောက်ပံ့ဆုအတွက် ဒိုက်ဦးမြို့ အထကမှ ရွေးချယ်ခံရသူများ စာရင်းကို နာယက ဦးဘစော ဖုန်း-၆၈၀၇၂၃၊ နာယက ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း(ငြိမ်း) ဖုန်း-၅၆၅၄၂၁၊ ၀၉၈၀၃၂၈၆၅၊ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၀၁၁၄၂၊ အတွင်းရေးမှူး ဦးတင်နု ဖုန်း-၅၈၄၂၆၆၊ ၇၀၆၇၆၆ တို့ထံ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ရန်နှင့် ငွေများလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လက်တွေ့အသုံးကျ ဆေးဖက်ဝင်အပင်များ အတွဲ(၉)ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ပြည်သူလူထုအနေဖြင့် မိမိတို့လက်တစ်ကမ်းရှိ အစွမ်းထက် ဆေးဖက်ဝင်အပင်များကို အသုံးပြု၍ ကိုယ်တိုင်ကျန်းမာရေး စောင့်ရှောက်နိုင်ရန် ရည်ရွယ်လျက် လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ စာအုပ်ကို အတွဲ(၉)အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် နေ့စဉ်ချက်ပြုတ်စားသောက်နေသော ဟင်းသီးဟင်းရွက်များ၏ ဆေးဖက်ဝင်မှုများ၊ သီးပင်စားပင်၊ ပန်းပင်၊ နွယ်မြက်သစ်ပင်များအား ရောဂါအလိုက် အသုံးပြုနိုင်ပုံများကို တစ်ပင်ချင်း ရှင်းလင်းစွာ တင်ပြထားသည်။ ယင်းစာအုပ်ကို တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ် (၄) နေပြည်တော်နှင့် အမှတ် (၇၇) ကျိုက္ကဆံလမ်း တာမွေမြို့နယ်တို့၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျုံမငေးမြို့မှ မိဘနှစ်ပါးဖြစ်သော ဦးစံပွား-ဒေါ်ကောက်တို့အား ရည်စူး၍ ရန်ကုန်မြို့ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်တင်စိန်၊ သမီး ဒေါ်သီသီဦး၊ ဒေါ်သီသီလတ်၊ ဒေါ်သီသီခိုင်နှင့် မြေး မမေပြည့်စုံပိုင်တို့က ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကန်ရိပ်သာလမ်းနေ ဦးဇော်ဝင်းမြင့်-ဒေါ်ထွေးထွေးခံ မိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဆောင်းတွင်းချိန်ခါ ကျန်းမာရေး ဂရုပြုစရာများ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ဆောင်းရာသီကာလသည် လေးလကြာရှည်ပြီး ဥတုအနေဖြင့် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလကို ဟေမရတု၊ပြာသိုလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ နှစ်လတာကာလကို သိသိရ ရတုဟု ခေါ်ဝေါ်ကြပါသည်။

ဟေမရတုကာလဖြစ်သည့် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာ ကာလအတွင်း ကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေမငတ်ခြင်း(တစ်နည်းအားဖြင့် ရေသောက်နည်းခြင်း)၊ ချွေးထွက်နည်းခြင်း၊ ဆီးအရောင်ဖြူပြီး ကြည်လင်၍ ဆီးသွားသည့် ပမာဏများခြင်း၊ အစားအသောက်၊ အအိပ်အနေနည်းခြင်း၊ ဝမ်းမှန်ခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ခေါင်းအုံခေါင်းကိုက် မဖြစ်ပေါ်ခြင်းစသည်တို့ ဖြစ်သည်။ မကျန်းမာသူများ၏ ရုပ်လက္ခဏာများမှာ ရေသောက်များခြင်း၊ ချွေးထွက်များခြင်း၊ ဆီးအရောင်မှာ အနီ၊ အဝါဖြစ်၍ ဆီးသွားသည့် ပမာဏနည်းခြင်း၊ အာခံတွင်းနံ့ထွက်ခြင်း၊ အအိပ်အနေ အစားအသောက်များခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းအုံခေါင်းကိုက်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ဟေမရတုကာလတွင် ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ရမည့် အချက်များမှာ နံနက်စောစောနှင့် ညမိုးချုပ် နေဝင်ချိန်များတွင် ရေမချိုးမိရန်၊ ကျုံးရေ၊ မြောင်းရေ၊ ကန်ရေ၊ ဆည်ရေတို့ကို မသုံးမိစေရန်၊ လေတိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့် ပူ၊ ဆိမ့်၊ ပူ၊ ခါး၊ စပ်အရသာရှိသော ဆေးနှင့်အစားအစာများ မစားမိစေရန်တို့ ဖြစ်ပါသည်။ ကျင့်ကြံဆောင်ရွက်ရမည့် အချက်များမှာ လုံခြုံနွေးထွေးစွာ နေထိုင်ရန်၊ နေ့လယ်နေ့ခင်းတွင် ခဏတဖြုတ်အိပ်ရန်၊ အဆီအအိမ့်နည်းသော အစားအစာများနှင့် ချို၊ ဆိမ့်၊ ဖန်၊ အေး၊ ချဉ်၊ ငန်အရသာရှိသော ဆေးနှင့်အစားအစာများကို စားပေးရန်၊ မန်ကျည်း၊ ကင်ပွန်း၊ မုန်လာစသည့် အသီးအရွက်များကို မန်ကျည်းနှစ်နှင့်စပ်၍ဖြစ်စေ၊ သရက်ပြား၊ မရန်းပြားစပ်၍ဖြစ်စေ၊ ချဉ်ရည်ဟင်းအဖြစ် မကြာခဏ ချက်စားပေးရန်၊ ရှောက်သီးသုပ်၊ သံပရာသီးသုပ်စားရန်၊ ရှောက်ဖျော်ရည်၊ သံပရာဖျော်ရည်၊ မန်ကျည်းဖျော်ရည်တို့ကို သောက်ရန်၊ ကင်မလင်းရွက်၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်သီး၊ သရက်၊ ဇင်ပြွမ်းသီး၊ ကြက်ပေါင်သီးစသည်တို့နှင့် အခြား အေး၊ ငန်၊ ချဉ်အရသာရှိသော အစားအစာများစားရန်၊ ငါးသလဲထိုး၊ ငါးနုသန်း၊ ငါးသံချိတ်၊ ငါးနုပ်၊ ငါးမြွေထိုး၊ ငါးဘတ်၊ ငါးမြင်း၊ ငါးလင်ပန်း၊ ဘဲသား၊ ဝက်သား၊ ငန်းသားများကို မန်ကျည်း၊ သရက်ပြား၊ မရန်းပြားစသည်တို့နှင့်စပ်၍ ချက်စားရန် ဖြစ်ပါသည်။

ဟေမရတုကာလတွင် မှီဝဲသင့်သော ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) မက်လင်ချဉ် ချွဲသလိပ်ပုပ်ပျောက်ဆေးကို နံနက်နှင့်ည တစ်နေ့နှစ်ကြိမ်နှုန်း၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးဖြင့် သောက်ပေးရန် ဖြစ်ပါသည်။

သိသိရ ရတုကာလအတွင်း သတိပြုဆင်ခြင်ကြရန် အချက်များမှာ အဝတ်အစားရေစိုဖြင့် မနေမိစေရန်၊ အအေးမခံရန်၊ အေး၊ ငန်၊ ချဉ်သော အရသာနှင့် ချို၊ ဆိမ့်၊ ဖန်သော အရသာများရှိသည့် အစားအစာများ ဝက်သား၊ ဘဲသားများ ရှောင်ရန်တို့ ဖြစ်ပါသည်။ ကျင့်ကြံဆောင်ရွက်ရမည့် အချက်များမှာ မိမိခန္ဓာကိုယ်ကို ချွေးထွက်အောင် လှုပ်လှုပ်ရှားရှား ပြုလုပ်ရန်၊ နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ခြင်းစသည့် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖြင့် မိမိခန္ဓာကိုယ်ရှိ အကြောများ လျော့အောင် ပြုပြင်ပေးရန်နှင့် နွေးနွေးထွေးထွေးနေရန်၊ ပူ၊ ခါး၊ စပ်သော အစားအစာများကို စားပေးရန်တို့ ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်အနေဖြင့် ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီးတို့ကို စားရန်၊ ခွေးတောက်ရွက်ဟင်းချို၊ ဒန့်သလွန်ရွက်ဟင်းချိုတို့ကို သောက်ပေးရန်၊ ရဲယိုရွက်ကို ပြုတ်တို့၍ဖြစ်စေ၊ ငါးခူနှင့်ချက်၍ဖြစ်စေ စားရန်၊ အခွံပါရှောက်သီးကို ငရုတ်သီးစပ်စပ်နှင့် သုပ်၍ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ စားရန်နှင့် ကြက်သဟင်း၊ ပိုးစာ၊ ဥသျှစ်၊ ပျဉ်းတော်သိမ်၊ ပင်စိမ်းစသည်တို့ကိုလည်း သင့်တော်သလို စားရန်ဖြစ်ပါသည်။

အသားအနေဖြင့် ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ချိုးသား စသည်တို့ကို ငရုတ်သီးစပ်စပ်ဖြင့် ချက်စားရန်ဖြစ်ပါသည်။ ပူ၊ ကန်၊ ပွင့်၊ ကြေစေသည့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ်ဆေးကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေးကိုဖြစ်စေ နံနက်၊ ည တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ပဲသားခန့် ရေနွေးနှင့်သောက်ရန် ဖြစ်ပါသည်။

ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများမှာ ဝမ်းချုပ်ခြင်း၊ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်း၊ နှာစေးချောင်းဆိုးဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။ ဝမ်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝမ်းမချုပ်စေရန် နံနက်တိုင်းရေကို ဝအောင်သောက်ခြင်း၊ အအိပ်အထိုင်နည်းအောင် ပြုလုပ်ခြင်း၊ ဆီးသွားလိုခြင်း၊ ဝမ်းသွားလိုခြင်းတို့ကို အောင့်မထားရန် သတိပြုဆင်ခြင်ရမည်ဖြစ်ပါသည်။ ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း မန်ကျည်းဖျော်ရည်တစ်ခွက် သောက်ရန်၊ ဝမ်းမှန်စေရန် ကင်ပွန်းရွက်ချဉ်ရည် သို့မဟုတ် ကန်စွန်းရွက်ကို မန်ကျည်းမှည့်နှင့် ချဉ်ရည်ဟင်းချက်စားခြင်း ပြုရပါမည်။

ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) ဆီးဒူလာဆေးဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကိုဖြစ်စေ ညအိပ်ရာဝင်၌ နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့် သောက်ရန်ဖြစ်ပါသည်။ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းသည် ခန္ဓာကိုယ်ပြင်ပမှ အအေးဓာတ်များ ပတ်ဖွဲ့ထားပြီး အခိုးအာကာသမရရှိဘဲ ခန္ဓာကိုယ်အတွင်း ငုပ်လျှိုးနေသည့် အဖျားမျိုးဖြစ်သဖြင့် ခန္ဓာကိုယ်ကို အခိုးအာကာသ ပွင့်စေမည့် ဆေးများဖြင့် ပြုစုကုသရမည်ဖြစ်ပါသည်။ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းအတွက် နံနက်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၇) သွေးဆေးနီကြီး တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း)အနည်းငယ်ထည့်၍ အကြမ်းပန်းကန်နှစ်လုံး ပမာဏခန့် သောက်ရန်ဖြစ်ပြီး လေလုံသည့်နေရာတွင် အဝတ်ထူထူ ဝတ်စေလျက် စောင်ကိုလုံလုံခြုံစေကာ ချွေးဖြိုင်ဖြိုင်ထွက်အောင် ချွေးထုတ်ပေးရပါမည်။ (သတိပြုရန်မှာ ထွက်သော ချွေးများကို အဝတ်ပါးပါးဖြင့် သုတ်ပေးပြီး မိမိချွေးဖြင့် ပြန်အအေးမမိစေရန် ဖြစ်ပါသည်။)

နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေး တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း) အနည်းငယ်ထည့်တိုက်ပေးပြီး နှာဆေးရှူပေးခြင်း၊ ကွမ်းရွက်သတ္တုရည်ကို မျက်စဉ်းအဖြစ် ခတ်ပေးခြင်းပြုရပါမည်။ ညနေ ၅ နာရီခန့်အချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေး တစ်ပဲသားပမာဏကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်ပေးရန်ဖြစ်ပါသည်။ဝမ်းချုပ်ပါက ညအိပ်ရာဝင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉)ဆီး ဒူလာကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကိုဖြစ်စေ ညအိပ်ရာဝင်တွင် နှစ်ပဲသားမှ လေးပဲသားအထိ ရေအေးနှင့်သောက်ပေးရန် ဖြစ်ပါသည်။ နှာစေးချောင်းဆိုးဖြစ်ခြင်းအတွက် နှာစေးပါက နနွင်းစစ်စစ်ကို ရေနှင့်ဆူအောင် ကျိုချက်ခြင်းမှ ထွက်လာသော ရေနွေးငွေ့ကို ရှူပေးရပါမည်။ နှာတံကို ပရုတ်ဆီနှင့်ဖြစ်စေ၊ ရေနံ့ဆီနှင့်ဖြစ်စေ ပါးပါးလိမ်းပေးရပါမည်။ ဝေဒနာကို ပျောက်ကင်းလိုသော ဆန္ဒဖြင့် လွန်ကဲစွာ မလိမ်းမိဖို့ လိုပါသည်။ ထို့ပြင် မန်ကျည်းမှည့် ရှစ်ပဲသား၊ ဆားလေးပဲသားကို ရေထမင်းစားဇွန်း နှစ်ဇွန်းပမာဏဖြင့် ဖျော်ပြီး မကြာခဏ ရှူပေးရန်ဖြစ်ပါသည်။ ချောင်းခြောက်ဆိုးခြင်းဖြစ်ပါက ဇဝက်သာနှင့် ကွမ်းရွက်တစ်ကျပ်သားစီကို ရောစပ်လျက် သုံးခွက်တစ်ခွက်တင် ကျိုကာ အကြမ်းပန်းကန် နှစ်လုံးပမာဏလောက်ကို ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၄) လေးညှင်းကလာပ်ဆေး သို့မဟုတ် တိုင်ရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေးကို ဆေးပမာဏနှစ်ပဲသားခန့်ကို ထန်းလျက်ပြုတ်ရည်နှင့်ဖြစ်စေ သောက်ပေးရပါမည်။ တိုင်းရင်းဆေးခန်းသုံး အမှတ် (၁) သေမုပုတိက မက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေးနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂) လေမျိုးရှစ်ဆယ်ဆေးတို့ကို ဆတူရောစပ်ပြီး မကြာခဏ လျက်ပေးရန် ဖြစ်ပါသည်။

သတိပြုဆင်ခြင်ရမည့်အချက်မှာ တိုင်းရင်းဆေးခန်းသုံးဆေးများကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင်ဖြစ်စေ၊ ပရဆေးဆိုင်များတွင်ဖြစ်စေ ရှာဖွေရယူသောက်သုံးကြရပါမည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ဓမ္မတာသွေးဆိုင်ရာ ဝေဒနာခံစားနေရသူ အမျိုးသမီးများ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများသည် တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်ပြီးမှ အသုံးပြုပါက ပိုမိုအကျိုးသက်ရောက်မှုရှိပေမည်။ ။

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်းနေ ရဲကျော်စွာအောင်လှ-ဒေါ်ထွေးကြည်၊ သမီး မသီသီအောင်၊ သား မောင်ဉာဏ်လင်းအောင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက(၁)မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

အထက(၁)မရမ်းကုန်း (သမိုင်းမြို့မကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက်ပါကျောင်း၌ ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် စာရင်းတွင် မပါဝင်သေးသည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဒေါ်ခင်လှ ဖုန်း-၆၆၇၄၄၃၊ ဦးမောင်အုန်း ဖုန်း-၇၂၇၂၁၅၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊ ဦးအောင်ကြည် ဖုန်း-၆၆၃၀၇၂နှင့် ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၅)

အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက်က ဒလမြို့နယ် သီရိဇေယျာနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဦးစိုးဝင်း အခွန်အကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးစဉ်။ (၅၇)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးသိန်းရွှေအားရည်စူး၍ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ရွှေဘုံသာလမ်းနေ ဒေါ်စိန်အေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

လေကြောင်းလုပ်ငန်း သဘောတူစာချုပ် ၁၀၆ ခု ၂၀၀၆ ခုနှစ်အတွင်း တရုတ်ချုပ်ဆို

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံသည် ၂၀၀၆ ခုနှစ်အတွင်း လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် နှစ်နိုင်ငံ သဘောတူစာချုပ် ၁၀၆ ခု ချုပ်ဆိုထားကြောင်း၊ ယင်းစာချုပ်များတွင် ရှေ့ပြေးသဘောတူစာချုပ် ၁၃ ခုပါဝင်ကြောင်း တရုတ်နိုင်ငံ ပြည်တွင်း လေကြောင်းလိုင်း အထွေထွေအုပ်ချုပ်ရေးဌာန (စီအေအေစီ)၏ စာရင်းများ၌ ထုတ်ပြန်ဖော်ပြထားသည်။

ပြည်ပ ၂၂နိုင်ငံနှင့် လေကြောင်းတင်ပို့ကုန်လုပ်ငန်းများ တိုးချဲ့သည့် သဘောတူချက်များကို လက်မှတ်ရေးထိုးထားကြောင်း အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

ဆောင်ရွက်

၂၀၀၆ ခုနှစ် အတွင်း ၄၃ နိုင်ငံရှိ ၈၈မြို့သို့ လေယာဉ်များပျံသန်းပြေးဆွဲရန် တရုတ် လေကြောင်းကုမ္ပဏီ ၁၅ ခုကို ကမ်းလှမ်းထားကြောင်း၊ ရက်သတ္တတစ်ပတ်တွင် ပုံမှန်ခရီးစဉ် ၁၃၀၇ ခုဖြင့် ခရီးသည်များကို သယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ အပတ်စဉ် ပုံမှန်ကုန်စည်ပို့ဆောင်ရေး ခရီးစဉ် ၂၀၄ ခုဖြင့် လေကြောင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြည်ပလေကြောင်းကုမ္ပဏီ ၉၃ ခုသည် တရုတ်နိုင်ငံ မြို့ ၃၁ မြို့သို့ လေယာဉ်များ ပျံသန်းပြေးဆွဲမှု ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ်ကုန်ပိုင်းတွင် အပတ်စဉ်ပုံမှန် ကုန်စည်ပို့ဆောင်ရေး လေယာဉ်ခရီးစဉ် ၃၀၇ ခုနှင့် ပုံမှန်ခရီးသည်တင်လေယာဉ်ခရီးစဉ် ၂၆၂ ခုတို့ဖြင့် ပို့ဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

ပြောကြား

တရုတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လေကြောင်းကဏ္ဍကို ဖွင့်လှစ်ရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအေအေစီ၏ ညွှန်ကြားရေးမှူး ယန်ယူအန်ယူအန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မီးပုံးများရောင်းချရာ နေရာတစ်နေရာကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

နီပေါတွင် သစ်ပင်မျိုးစိတ် ၁၇၉၂ မျိုး ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုနိုင်

ခတ္တမန္ဒူ ဇန်နဝါရီ ၆

နီပေါနိုင်ငံတွင် တွေ့ရှိထားသည့် ခန့်မှန်းခြေအားဖြင့် သစ်ပင်မျိုး ၇၀၀၀ အနက် ၁၇၉၂ မျိုးသည် ရိုးရာသို့မဟုတ် ခေတ်မီဆေးဝါးဖော်စပ်ရာ၌ တစ်နည်းမဟုတ်တစ်နည်း အသုံးပြုနိုင်ကြောင်း နိုင်ငံပိုင် အာအက်စ်အက်စ်သတင်း ဌာနက ဇန်နဝါရီ ၃ရက်တွင် ဖော်ပြသည်။

သစ်ပင်အရိုင်းအဖြစ် ၁၅၅၇မျိုး တွေ့ရှိထားပြီး ၂၃၅မျိုးမှာ စိုက်ပျိုးထားသည့် အပင်များဖြစ်သည်ဟု ဘာရယ်နှင့် ကာမီတို့ ပူးပေါင်းရေးသားထားသည့် သစ်ပင်မျိုးစိတ်များအကြောင်း စာအုပ်တွင် ဖော်ပြထားသည်။

ရိုးရာ ဆေးဝါးကုသမှုတွင် အသုံးပြုနေသည့် ဆေးပင်ဝါးပင်များကိုစိုက်ပျိုးထိန်းသိမ်းထားပြီး နိုင်ငံတကာဈေးကွက်တွင် တင်ပို့ရောင်းချရန် အတွက် မှတ်ပုံတင်ထားသင့်သည်ဟု သစ်တောနှင့် မြေဆီလွှာထိန်းသိမ်းရေးဌာန ဝန်ကြီး ဘာဒူက ပြောကြားသည်။

ရာသီဥတုအပြောင်းအလဲနှင့် ပုံမှန်အသုံးပြုမှုမရှိကြသဖြင့် သစ်ပင်မျိုးစိတ်အများအပြား မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေရာ ယင်းသစ်ပင်များထိန်းသိမ်းရေး အလေးထားဆောင်ရွက်ကြရန် ဖော်ပြပါဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ရာမားက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနိုင်ငံ အနှံ့အပြား မိုးရွာသွန်းမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

ကွာလာလမ်ပူ ဇန်နဝါရီ ၆

မလေးရှားကျွန်းဆွယ် မြောက်ပိုင်းတွင် လာမည့်သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း၊ မလေးရှားမိုးလေဝသဌာနက ဇန်နဝါရီ ၄ ရက်တွင် ခန့်မှန်းချက် ထုတ်ပြန်ထားသည်။

ကာလန်တန်ဒေသ၊ တာရင်ဂါနူဒေသ၊ မြောက်ပိုင်းပဟန်ဒေသများတွင် မိုးအသင့်အတင့်မှ အနှံ့အပြားရွာသွန်းမည်ဖြစ်ကြောင်း၊ ထိုမိုးသည် ဇန်နဝါရီ ၅ရက်မှနောက်သီတင်းပတ် တနင်္လာနေ့ထိ ဆက်လက် ရွာသွန်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ကျိုတိုမြို့ ရှီမိုဂါမို အရပ်တွင်ရိုးရာဘောလုံးပွဲကျင်းပနေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှား ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောနစ်မြုပ်

ဂျကာတာ ဇန်နဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ နုဆာတန်ဂါရာပြည်နယ် အရှေ့ဘက်ပင်လယ်၌ လှိုင်းမိခဲ့သဖြင့် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်သွားရာ သင်္ဘောသားလေးဦးအနက် တစ်ဦးသေဆုံးသွားကြောင်း အန်တာရာသတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ဖော်ပြသည်။

ဇန်နဝါရီ ၂ ရက်က ကုန်တင်သင်္ဘောနစ်မြုပ်ခဲ့သော်လည်း ဇန်နဝါရီ ၃ ရက်မှသာ ကယ်ဆယ်ရေးအဖွဲ့ ရောက်ရှိလာကြောင်း နုဆာတန်ဂါရာပြည်နယ် အရှေ့ဘက် ဘေးအန္တရာယ်ကာကွယ်ရေးဌာနတာဝန်ရှိသူ ဆန်တီနက်စ်မီဒီ၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်း ဂျပန်တွင် လျော့နည်းကျဆင်းလာ

တိုကျို ဇန်နဝါရီ ၆

ဂျပန်နိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးရသူဦးရေသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ကျဆင်းသွားသည်။ ဂျပန်နိုင်ငံ ရဲတပ်ဖွဲ့က အရက်သောက်ထားသော ယာဉ်မောင်းသူများကို အရေးယူခြင်း၊ ယာဉ်မောင်းသူများက ထိုင်ခုံခါးပတ်ကို အသုံးပြုလာကြခြင်း စသည့်အကြောင်းများကြောင့် သေဆုံးသူဦးရေ ကျဆင်းလာခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။

၂၀၀၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူဦးရေ ၆၃၅၂ ဦးရှိရာ ၂၀၀၅ ခုနှစ်က ဦးရေထက် ၇ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းသွားသည်။ ၁၉၇၀ ပြည့်နှစ်က ယာဉ်တိုက်မှုကြောင့် သေဆုံးရသူဦးရေသည် ၁၆၇၆၅ ဦးဖြင့် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် ၁၉၉၃ ခုနှစ်မှစ၍ ယာဉ်တိုက်မှုကြောင့် သေဆုံးရသူဦးရေသည် လျော့နည်းကျဆင်းလာသည်ကို တွေ့ရသည်။

၂၀၀၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဖြစ်ပွားသော ယာဉ်တိုက်မှု စုစုပေါင်းသည် ၈၈၆၇၀၃ ရှိသည်။ ထိုအရေအတွက်သည် ၂၀၀၅ ခုနှစ်ကထက် ငါးရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် လာမည့် ၁၀ နှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးရသူဦးရေကို တစ်နှစ်လျှင် ငါးရာခိုင်နှုန်းအထိ လျော့ကျသွားစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသသို့ ကြက်ငှက်တုပ်ကွေး ကူးစက်ဖွယ်ရှိ

ဟနွိုင်း ဇန်နဝါရီ ၆

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်လအစပိုင်းတွင် ပြည်နယ်သုံးခုသို့ ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါသည် နိုင်ငံ၏အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများသို့ ကူးစက်ဖွယ်ရှိကြောင်း ဒေသခံမီဒီယာသတင်းများအရ သိရှိရသည်။

ဗီယက်နမ်အလယ်ပိုင်းဒေသရှိ ကွမ်နမ်နှင့် ကွမ်ငိုင်ပြည်နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်နေပြီး ဘက်ဂျီယန်း၊ ဟိုင်ဖွန်နှင့် တိုင်ဘင်းဒေသသုံးခုတွင်လည်း ကူးစက်ဖွယ်ရှိနေသည်ဟု ဆိုင်ဂုံလိုက်ဗရေးရှင်းသတင်းစာက စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးကို ကိုးကား၍ဖော်ပြသည်။

စမ်းသပ်တွေ့ရှိရ

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗီယက်နမ်အလယ်ပိုင်း ပြည်နယ်နှစ်ခုတွင် ဖြစ်ပွားနေပြီး ယင်းဒေသမှ ကျန်းမာသည့်ကြက်ငှက်များမှ နမူနာများယူကာ စမ်းသပ်ကြည့်ရာတွင် $H_5 N_1$ ဗိုင်းရပ်စ်ပိုးရှိနေသည်ကို စမ်းသပ်တွေ့ရှိရသည်ဟု ဝန်ကြီးက ဇန်နဝါရီ ၂ရက်တွင် ပြုလုပ်သည့် ကြက်ငှက်တုပ်ကွေးဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

အားပျော့လျက်ရှိ

အချို့ဒေသများရှိ ကြက်ငှက်တုပ်ကွေး စောင့်ကြည့်လေ့လာရေးစနစ်များသည် အားပျော့လျက်ရှိပြီး ဗီယက်နမ်အလယ်ပိုင်းပြည်နယ်တွင် ကြက်ငှက်များကာ ကွယ်ဆေးထိုးနှံမှုသည် ပြီးပြည့်စုံမှုမရှိဘဲ အိမ်မွေးတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုလည်း အချို့ဒေသများတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အဖ်တာဖရာမို့စ် မော်တော်ကားထုတ်လုပ်ရေး စက်ရုံ လုပ်ငန်းခွင် တစ်နေရာကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အီရီးမြို့၌ နှင်းမုန်တိုင်းကျရောက်သဖြင့် လမ်းပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံသိုလှောင်မှုနှင့် တစ်ဆင့်တင်ပို့သည့် နိုင်ငံဖြစ်လာရန် တောင်ကိုရီးယား ရည်မှန်း

ဆိုးလ် ဇန်နဝါရီ ၆

တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲ အရှေ့မြောက်အာရှဒေသ၌ ရေနံသိုလှောင်မှုနှင့် တစ်ဆင့်တင်ပို့မှု အချက်အချာနိုင်ငံအဖြစ် ရပ်တည်လာရန် ရည်မှန်းထားကြောင်း ရေနံလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

အာရှမြောက်ပိုင်းဒေသတွင် တရုတ်နိုင်ငံသည် ရေနံဝယ်လိုအား ကြီးမားနေသည့်နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံ၏ ရေနံတင်သွင်းမှုမှာ တိုးတက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ရုရှားအရှေ့ဖျားဒေသမှ ရေနံစိမ်းကို တိုးမြှင့်တင်သွင်းလျက်ရှိသည်။

ဒေသတွင်း ရေနံစိမ်းဝယ်လိုအား တိုးတက်နေခြင်းကြောင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ရေနံချက်လုပ်ငန်းကို တိုးချဲ့လာကြရသည်။ ရေနံချက်လုပ်သည့် လုပ်ငန်း၊ သိုလှောင်သည့်လုပ်ငန်းနှင့် တစ်ဆင့်တင်ပို့သည့်လုပ်ငန်း ကျယ်ပြန့်လာခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ အခန်းကဏ္ဍမှာ အရေးပါလာကြောင်း မြို့တော်ဆိုးလ်တွင် ကျင်းပသည့် စွမ်းအင်လုပ်ငန်းဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲတစ်ရပ်၌ တောင်ကိုရီးယားအမျိုးသားရေနံ ကော်ပိုရေးရှင်း ညွှန်ကြားရေးမှူး ဝုမ်ဆန်ချူးလ်က ပြောကြားသည်။

ကိုရီးယားအမျိုးသား ရေနံကော်ပိုရေးရှင်းသည် ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲ ရေနံစိမ်းတစ်ဆင့်တင်ပို့သည့်နိုင်ငံဖြစ်လာရန် ရည်မှန်းထားသည်။ ရုရှားနိုင်ငံ ဆာခါလင်ကျွန်းမှ ထွက်ရှိသောရေနံကို တောင်ကိုရီးယားနိုင်ငံက ရယူကာသိုလှောင်ခြင်းနှင့် ချက်လုပ်ခြင်းတို့ ပြုလုပ်ပြီးနောက် အခြားနိုင်ငံများသို့ ထပ်ဆင့်တင်ပို့သွားမည်ဖြစ်သည်။

အရှေ့မြောက်အာရှဒေသတွင် ရေနံသုံးစွဲမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြသည်။ ၂၀၀၅ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၅ သန်း သုံးစွဲမှုရှိရာ တစ်ကမ္ဘာလုံးသုံးစွဲမှု၏ ၁၈ရာခိုင်နှုန်း ဖြစ်သည်။

အင်တာနက်။

ဆိုမာလီ ပဋိပက္ခအဆုံးသတ်ရေး ဘန်ကီမွန်း တိုက်တွန်း

ကုလသမဂ္ဂ ဇန်နဝါရီ ၆

ဆိုမာလီ အသွင်ကူးပြောင်းရေးအစိုးရအနေဖြင့် စစ်ရေးပဋိပက္ခအဆုံးသတ်စေရန် နိုင်ငံရှိ ပြိုင်ဘက်အုပ်စုများနှင့် တွေ့ဆုံဆွေးနွေးသင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၄ရက်တွင် တိုက်တွန်းလိုက်သည်။

အသွင်ကူးပြောင်းရေးအစိုးရသည် နိုင်ငံအတွင်း ၎င်း၏ အခွင့်အာဏာကို အပြည့်အဝသက်ရောက်စေခွင့်ရှိသည်ဟု ဘန်ကီမွန်း ယုံကြည်ကြောင်း ကုလသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

အသွင်ကူးပြောင်းရေးအစိုးရအနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ် ချမှတ်ဖော်ဆောင်ခြင်းဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

အီသီယိုးပီးယားက တပ်ဖွဲ့ ရုပ်သိမ်းရန်ဆန္ဒရှိကြောင်း ပြောကြားမှုအပေါ် ဘန်ကီမွန်းက ကြိုဆိုပြီး ယင်းဒေသရှိ နိုင်ငံအားလုံးအနေဖြင့် ဆိုမာလီနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာရန် တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ၊

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လေထုအရည်အသွေးကောင်းမွန်ရေး ပေကျင်းတွင် ရည်မှန်းချက်ချမှတ်

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် လေထုအရည်အသွေး တိုးတက်စေရေး ရည်မှန်းချက်ကို ၂၀၀၆ ခုနှစ်အတွင်း ဖော်ဆောင်ခဲ့ပြီးနောက် ယခုနှစ်အတွင်း ရက်ပေါင်း ၂၄၅ ရက် လေထုအရည်အသွေး ကောင်းမွန်ရေး “ကောင်းကင်ပြာ” ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရန် သတ်မှတ်ထားသည်။

ပေကျင်းမြို့တော်တွင် ၂၀၀၇ ခုနှစ်အတွင်း လေထုအရည်အသွေး သတ်မှတ်ချက်နှင့်အတူ ၂၄၅ ရက် လေထုအရည်အသွေးပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမည်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်ကထက် လေထုအရည်အသွေး ကောင်းမွန်သည့်ရက် လေးရက်ပိုလာမည်ဟု မြို့တော်အုပ်ချုပ်ရေးဌာနအောက်ရှိ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဌာနက ပြောကြားသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်အထိ ရက်ပေါင်း ၂၃၈ ရက်တိုင်တိုင် လေထုအရည်အသွေးကောင်းမွန်ရေး ရည်မှန်းချက်ကို ပြည့်မီခဲ့သည်။

နှစ်သစ်ကူးရက်မတိုင်မီ သုံးရက်အထိ ရာသီဥတုကောင်းမွန်ပြီး ကောင်းကင်ပြာနေ့အဖြစ် ရောက်ရှိခဲ့သည်။ ဇူလိုင်နှင့် ဩဂုတ်တို့တွင် မိုးရွာသွန်းခဲ့မှုကြောင့် ပေကျင်းမြို့တော်တွင် ယမန်နှစ်အလားတူ ကာလကထက် လေထုအရည်အသွေး ပိုမိုကောင်းမွန်သည့် ရက် ၁၀ ရက်ရှိခဲ့သည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မွန်ဂိုလီးယားရှိ သိုးများ ကျောက်ရောဂါ ဖြစ်ပွား

အူလန်ဘာတော ဇန်နဝါရီ ၆

မွန်ဂိုလီးယားနိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ သိုးများ၌ ကျောက်ရောဂါဖြစ်ပွား လျက်ရှိရာ သိုးကောင်ရေပေါင်း ၃၀ ကျော် သေဆုံးပြီး ၄၀၀ ခန့်မှာ ရောဂါကူးစက်ခံရကြောင်း အရေးပေါ်ရောဂါကုသရေးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာသည်။

ထိုရောဂါကို တွေ့ရသောပြည်နယ်များမှာ တော့ဗ်၊ ရိုဘီဆန်တာ၊ ဗာကန်တီနှင့် ဘူဘာတာပြည်နယ်တို့ ဖြစ်ကြောင်း အရေးပေါ် ရောဂါကုသရေးဌာနက ပြောကြားသည်။

အာရှအရှေ့ဖျားဒေသတွင် သိုးများ ကျောက်ရောဂါ မဖြစ်ပွားသည်မှာ နှစ်ပေါင်း ၃၀မျှ ရှိပြီဖြစ်ပြီး ယခုအခါမှ မွန်ဂိုလီးယားနိုင်ငံ၌ ယင်းရောဂါ ပြန်လည် ဖြစ်ပွားခြင်းဖြစ်သည်ဟု ဆိုသည်။

သိုးများတွင် ပထမဆုံး ဖြစ်ပွားသော ကျောက်ရောဂါမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါ ရောဂါလက္ခဏာများမှာ ပြည်ဖုတည်ခြင်းနှင့် အဖျားတက်ခြင်းတို့ဖြစ်သည်။ ယင်းရောဂါဖြစ်ပွားရာ ဒေသများတွင် အသွားအလာကို ကန့်သတ်လိုက်ပြီး ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ဆေးကုသမှု လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

သိုးများ ကျောက်ရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် သိုးကောင်ရေ ၄၀၀၀၀ ကျော်ကို ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်သည်။

အင်တာနက်။

အင်ဒိုနီးရှားနှင့် အက်ဆွန်ကုမ္ပဏီ ရေနံနှင့်ဓာတ်ငွေ့ လုပ်ကွက်သတ်မှတ်ရေး ဆွေးနွေးမည်

ဂျကာတာ ဇန်နဝါရီ ၆

အင်ဒိုနီးရှားအာဏာပိုင်များနှင့် အမေရိကန်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီကြီးဖြစ်သော အက်ဆွန်မိုဘိုင်းလ်ကုမ္ပဏီတို့သည် ရေနံနှင့်ဓာတ်ငွေ့လုပ်ကွက် သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ ယခုလအတွင်း ဆွေးနွေးကြဖွယ်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ ယူဆွတ်ကာလာက ယမန်နေ့တွင် ပြောကြားသည်။

နာတူနာ-ဒီ-အယ်လ်ဖာ ရေနံဓာတ်ငွေ့လုပ်ကွက်တွင်လုပ်ကိုင်ရန် အက်ဆွန်ကုမ္ပဏီနှင့် မူလကစာချုပ်ချုပ်ဆိုထားခဲ့သော်လည်း အင်ဒိုနီးရှားအာဏာပိုင်များက ထိုစာချုပ်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ၌ ဖျက်သိမ်းခဲ့သည်။ ထုတ်လုပ်မှုစရိတ်ကြီးမားခြင်းနှင့်ဓာတ်ငွေ့ဝယ်ယူသူနည်းပါးခြင်းကို ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ နာတူနာ ဒီ-အယ်လ်ဖာလုပ်ကွက်သည် တောင်တရုတ်ပင်လယ်တွင်တည်ရှိသည်။ စာချုပ်ဖျက်သိမ်းသည်ကို ကုမ္ပဏီကသဘောမတူဘဲ နောက်ထပ်နှစ်နှစ်လုပ်ကိုင်ခွင့်ရှိကြောင်း တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယားတွင် ရေလွှမ်းမိုးမှုကြောင့် တံတားတစ်စင်း ရေထဲမျောပါ

ဒါရက်ဆလမ် ဇန်နဝါရီ ၆

တန်ဇန်းနီးယားနိုင်ငံရှိ ဒါရက်ဆလမ်နှင့် အာရူရှားမြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ်ရှိ တံတားတစ်ခုသည် နိုင်ငံအလယ်ပိုင်း၌ ရေလွှမ်းမိုးမှုဖြစ်ပွားစဉ် ရေစီးနှင့်အတူ မျောပါသွားသည့်အတွက် လူနှင့်ကုန်စည် အသွားအလာ အဆက်အသွယ်များ ပြတ်တောက်သွားကြောင်း သတင်းများက ဖော်ပြသည်။

ဇန်နဝါရီ ၄ ရက်က ချာလင်ဇီမြို့အနီး အဝေးပြေးလမ်းမပေါ်၌ ခရီးသည် ထောင်ပေါင်းများစွာနှင့် ယာဉ်ရာပေါင်းများစွာတို့ ပိတ်မိနေခဲ့ကြသည်ဟု သတင်းစာက ဖော်ပြသည်။

အဆိုပါတံတားကျိုးသွားသည့်အတွက် အဝေးပြေးလမ်းမပေါ်၌ ခရီးသွား ၅၀၀၀ အထိ သောင်တင်နေနိုင်သည်ဟု မိုရိုဂိုရိုဒေသ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



စပိန်နိုင်ငံ မဒရစ်မြို့ ဘာရာဂျာ နိုင်ငံတကာလေဆိပ် ကားရပ်နားသည့်နေရာ၌ ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဩဝါဒါစရိယ အဖြစ်ဆောင်ရွက်ပေးနေတော်မူသော ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှ အလှူရှင်များ၏ သတ္တမ အကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော ဦးမောင်ရွှေ-ဒေါ်နီနီရွှေ(ဗန္ဓုလ မြန်မာ ကုမ္ပဏီလီမိတက်)က အမေရိကန် ဒေါ်လာ ၆၅၆၆၊ ကွယ်လွန်သူ မိဘ များအား အမှူးထား၍ ဒေါ်အေးတင် မိသားစု(ပျော်ဘွယ်ကြီးရွာ၊ ဒလ)က ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ စိန်နားကပ် တစ်ရန်၊ ဦးစန်းဝင်း-ဒေါ်တင်တင်ရီ မိသားစု (Nice ရေသန့်လုပ်ငန်း၊ ပျဉ်းမနားမြို့)က ငွေကျပ် ၂၅သိန်း၊ ဦးစိုးမြင့်-ဒေါ်ကျင်တီ(အရှေ့ကုန်းလမ်း၊ စမ်းချောင်း)က ငွေကျပ် ၁၅၄၀၇၀၂ တန်ဖိုးရှိ ရွှေထည်များ၊ ဦးအုန်းမြင့်-ဒေါ်ခင်မေသန်းက ငွေကျပ် ငါးသိန်းနှင့် ငွေကျပ် ၈၇၇၅၀၀ တန်ဖိုးရှိ ရွှေထည် များ၊ ဒေါ်စွမ်မီနီ၊ သား ဒေါက်တာစိုးမြင့် (အရှေ့ကုန်းလမ်း၊ စမ်းချောင်း)က ငွေကျပ် ၁၀၇၉၆၈၆ တန်ဖိုးရှိ ရွှေထည် များ၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးကျော်စန်းဝင်း - ဒေါ်ခင်မြသိန်း မိသားစု(ယောဂီကျောင်းလမ်း၊ လှိုင်)က ငွေကျပ် ၁၁၆၀၀၀၀၊ မိဘများအား ရည်စူး၍ ဒေါ်စန်းရီ (ကျိုက်လတ်လမ်း၊ စမ်းချောင်း)က ငွေကျပ် ၁၀သိန်း၊ ဦးကျော်ဝင်း - ဒေါက်တာတင်တင်လှ (မေခအိမ်ရာ၊ သံလွင်လမ်း၊ သဃ်န်း ကျွန်း) က ငွေကျပ် ရှစ်သိန်းနှင့် FEC 100၊ ဦးအောင်ဆွေသိန်း-ဒေါ်ယဥ်ယဥ်ကြွယ်(ဖဆပလ၊ မင်္ဂလာ တောင်ညွန့်)က ငွေကျပ်၂၅၀၀၀၀နှင့် အမေရိကန်ဒေါ်လာ ၂၀၀၊ ဦးမောင် မောင်ဟိန်းနှင့် မောင်နှစ်မတစ်စု၊ သီဟသုဓမ္မဓဏိဇောတရေ ဦးဘခန့်၊ ဒေါ်ခင်သန်းနှင့် သားသမီး မြေးတစ်စု၊ ဦးသန့်စင်စိုး-ဒေါ်သန်းချိုနွယ်မိသားစု၊ ဒေါ်ကျင်၊ ဒေါ်ဗိုလ်နှင့် မိသားစုနှင့် ဦးမောင်မောင်မြင့်-ဒေါ်ချိုချို သားသမီး မြေးတစ်စုတို့က ငွေကျပ် ငါးသိန်းစီ အပါအဝင် အလှူရှင်များက ငွေကျပ် ၃၃၁၂၇၄၃၀၊ အမေရိကန်ဒေါ်လာ ၈၀၅၁၊ FEC 130၊ ရင်းဂစ် ၄၁၆နှင့် ရူပီး ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုကုသိုလ် ကောင်းမှုအစုစုကို အမျှပေးဝေ၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် အလှူရှင်တစ်ဦး အလှူငွေများပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ စတင် မကွေးတိုင်းက ကချင်ပြည်နယ်ကို နိုင်

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၇ ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံး ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြား ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပွဲဦးထွက် ပွဲစဉ်အဖြစ် မကွေးတိုင်းနှင့် ကချင်ပြည်နယ်တို့ ယှဉ်ပြိုင် ကစားကြရာ မကွေးတိုင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မကွေးတိုင်းအသင်း - သုံးဂိုး
(ဝင်းမင်းဦး-နှစ်ဂိုး၊ သန်းဇော်လင်း-တစ်ဂိုး)

ကချင်ပြည်နယ်အသင်း - နှစ်ဂိုး
(ဇင်မင်း)

အကောင်းဆုံးဆု
ဝင်းမင်းဦး(မကွေး)

ဒိုင်လူကြီး - ဦးဝင်းချို

မကွေးတိုင်အသင်းသည် ပွဲအစ ၁၅မိနစ်တွင် ဂိုးနှစ်ဂိုး စတင်သွင်းယူ နိုင်သော်လည်း ကချင်ပြည်နယ်၏ ချေပဂိုးပြန်လည်သွင်းယူမှုကိုခံရသော ကြောင့် အနိုင်ရရှိရေးကြိုးစားခဲ့ရပြီး ၈၄ မိနစ်ကျမှ အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ သည်။

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းပြိုင်ပွဲ၌ အသင်းပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို လေးသင်း၊ လေးအုပ်စုခွဲ၍ ကျင်းပနေ သည်။

(က)အုပ်စုတွင် တနင်္သာရီတိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက် ပိုင်း)၊ (ခ)အုပ်စုတွင် မကွေးတိုင်း၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ကချင် ပြည်နယ်၊ (ဂ)အုပ်စုတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ (ဃ)အုပ်စုတွင် လက်ရှိ ချန်ပီယံ ဧရာဝတီတိုင်း၊ ကရင်ပြည် နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့ ပါဝင်ကြသည်။

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် များကို ဇန်နဝါရီ ၁၃ရက်အထိ ကျင်းပ မည်ဖြစ်ပြီး တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် သုဝဏ္ဏ၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း နှင့် စလင်းကွင်းတို့၌ ကျင်းပမည်ဖြစ် သည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(သုဝဏ္ဏကွင်း)
ကယားနှင့် ရှမ်း/တောင်

(ပဒုမ္မာကွင်း)
တနင်္သာရီနှင့် ရှမ်း/မြောက်

(စလင်းကွင်း)
ချင်းပြည်နယ်နှင့် မန္တလေးတိုင်း

(ကြေးမုံ)

ယှဉ်ပြိုင်

ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့ သူတင်ကိုယ်တင် ယှဉ်ပြိုင်နေကြစဉ်။
(ကြေးမုံ)

အင်တာနက် ကျန်းမာရေးသတင်း

ဗိုက်ရွဲသူများ နှလုံးရောဂါ ဖြစ်ပွားနိုင်

ဆာစီရာမန်တို(ကယ်လီဖိုးနီးယား) ဇန်နဝါရီ ၇

ဗိုက်ရွဲလာသည်နှင့်အမျှ နှလုံးရောဂါဖြစ်ပွားရန် ပို၍ပို၍ အန္တရာယ်ကြီးမားလာမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင်ဖြစ်သူ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကိုင်ဆာပါမင့်နင့်သိပ္ပံမှ ကာလို့စ်အီရီဘာရင် ၏ပြောကြားချက်ကို ဇန်နဝါရီ ၄ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အရပ်အမြင့်နှင့် ခန္ဓာကိုယ်အလေးချိန် အချိုးအစားစံနှုန်း အညွှန်းကိန်းခေါ် ဘီအမ်အိုင်သည် အဝလွန်ခြင်းနှင့် စပ်လျဉ်း၍ လူတစ်ဦး၏ နှလုံးရောဂါအန္တရာယ်ကို စိစစ်ရာတွင် ရိုးရှင်းပြီး သင့်လျော်သော နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဥပမာအားဖြင့် သန်မာဖွံ့ဖြိုးသူတို့တွင် ဘီအမ်အိုင်အညွှန်းကိန်း မြင့်မားဖွယ်ရှိသည်။

နှလုံးရောဂါအန္တရာယ်ကို ကြိုတင်ခန့်မှန်းရာတွင် ဘီအမ်အိုင်၏ တိကျမှန်ကန်မှုကို ဝမ်းဗိုက်ပိုင်း စက်ဝိုင်း အချင်းအရွယ်အစားခေါ် အက်စ်အေဒီက ပိုမိုတိကျအောင် ဖြည့်စွမ်းပေးနိုင်ခြင်း ရှိ၊ မရှိ သုတေသီ အီရီဘာရင်နှင့် အဖွဲ့က စမ်းသပ်ခဲ့ကြသည်။

ဝမ်းဗိုက်ပိုင်း အဝလွန်ခြင်းကို တိုင်းတာရာတွင် ခါးပတ်ပတ်လည် အတိုင်းအတာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြကြောင်း အီရီဘာရင်ကပြောကြားသည်။ လူတစ်ဦး၏ ခါးအတိုင်းအတာကို တိုင်းတာရန် နည်းလမ်းအများအပြား ရှိသော်လည်း ဆရာဝန် သို့မဟုတ် သူနာပြုတစ်ဦးဦးက စက်ဝိုင်း အချင်းတိုင်းကိရိယာဖြင့် တိုင်းတာတွက်ချက်ထားသည့် အက်စ်အေဒီသည် ပိုမိုစံကိုက်ကြောင်း၊ အမှားအယွင်း နည်းပါးဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရီဘာရင်နှင့် လုပ်ဖော်ကိုင်ဖက်များသည် ၁၉၆၅ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်အတွင်း အမျိုးသား၊ အမျိုးသမီး ၁၀၁၇၆၅ဦးကို အက်စ်အေဒီ အတိုင်းအတာများအပါအဝင် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ထို့နောက် ၎င်းတို့ကို ၁၂နှစ်ကြာ ဆက်လက်လေ့လာခဲ့သည်။

အက်စ်အေဒီ အတိုင်းအတာအကြီးဆုံးရှိသည့် အမျိုးသားများသည် အက်စ်အေဒီအတိုင်းအတာ အသေးဆုံးရှိသည့် အမျိုးသားများထက် နှလုံးရောဂါဖြစ်ပွားမည့်အန္တရာယ် ၄၂ ရာခိုင်နှုန်း ပိုမိုများပြားဖွယ်ရှိကြောင်း၊ အက်စ်အေဒီ အတိုင်းအတာကြီးမားသည့် အမျိုးသမီးများအတွက် နှလုံးရောဂါဖြစ်ပွားမည့်အန္တရာယ် ၄၄ ရာခိုင်နှုန်း ပိုမိုများပြားဖွယ် ရှိကြောင်း ယင်းအဖွဲ့က တွေ့ရှိထားသည်။

အက်စ်အေဒီနှင့် နှလုံးရောဂါဆက်နွယ်မှုမှာ ငယ်ရွယ်သူ အမျိုးသားများနှင့် အမျိုးသမီးများတွင် အမြင့်မားဆုံးဖြစ်ကြောင်း အီရီဘာရင်က ပြောကြားသည်။ ***အင်တာနက်။***

ဤသို့ ဗိုက်ရွဲသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ပို၍များပြားသည်။ (ဓာတ်ပုံ-အင်တာနက်)

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲအချိန် တိုင်းထွာချက်များ အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈နာရီ အတွင်း မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ကြောင်း မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနက သတိပေးချက်ထုတ်ပြန်ထား သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီလနောက်ဆုံးပတ်တွင် ကျင်းပမည် ဖြစ်သည်။

အစည်းအဝေး ဖိတ်ကြားစာများပေးပို့နိုင်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်း ရှင်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် အသင်းအဖွဲ့များသည် မိမိတို့၏ လက်ရှိ နေရပ်လိပ်စာများကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တည်ရှိရာ UMFCCI Office Tower အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော် မြို့နယ်၊ ဖုန်း-၂၁၄၈၃၉၊ Fax:-၂၁၄၈၄၀သို့ ဇန်နဝါရီ ၁၅ရက် နောက်ဆုံး ထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်းတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ရက်အထိကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကျောင်းပေါင်းစုံ မီနီတင်းနစ် အမျိုး သားပြိုင်ပွဲတွင် တတိယရရှိခဲ့သည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေး သန်းဦးဆောင်သော ရန်ကုန်တိုင်း ကိုယ်စားပြု အထက (၄) မင်္ဂလာ တောင်ညွန့်အသင်းအား တွေ့ရစဉ်။
(ပညာရေး)

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ပျဉ်းမနားမြို့နယ် အထက(၁)၊ အထက(၂)၊ အထက(၃)၊ အလက(၁)နှင့် အလက(၂)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပညာရေးစုံညီပွဲတော် ဇဟိုပြကွက်တွင် နိုင်ငံတော်အကြီးအကဲ၏ ပညာရေးကဏ္ဍ လမ်းညွှန်ချက်များနှင့် မြန်မာ့ပညာရေးမျှော်မှန်းချက်များကို ပြသထားသည်။

ထို့အတူ ပညာရေး ဖွံ့ဖြိုးမှုပြကွက်တွင် အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့၏ ပညာရေးမြှင့်တင်ရေးဆောင်ရွက်မှုများ၊ မြန်မာစာ ဦးစီးဌာန၊ တက္ကသိုလ်များသမိုင်းသုတေသန ဦးစီးဌာန၊ အမျိုးသားလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဌာနတို့က ထုတ်ဝေသော စာအုပ်များ၊ မူလတန်းနှင့် အလယ်တန်းအဆင့် မွမ်းမံစာအုပ်များ၊ ကျောင်းသုံးစာအုပ်များ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဆောင်ကျောင်းသားကျောင်းသူများ၏ ကိုယ်ရေးရာဇဝင်များကို ခင်းကျင်းပြသထားရာ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ပြသထား

ထို့ပြင် ပညာရေး စုံညီပွဲတော်၌ ပညာရေးဝန်ကြီးဌာနနှင့် UNESCO၊ SEAMEO၊ ASEAN၊ Japan Fund in Trust (JFIT) တို့ ပူးပေါင်း၍ Pilot ကျောင်းများအဖြစ် အထက(၁) ကျောက်တန်း၊ အထက(၂)ဒဂုံနှင့် အထက(၃) ပဲခူး ကျောင်းသုံးကျောင်းတို့အား သတ်မှတ် ရွေးချယ်၍ ASEAN School Net Project Foundation အစီအစဉ်ဖြင့် ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ASEAN ကျောင်းများနှင့် ကွန်ပျူတာ ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ထားရှိမှုကို ပြသထားသည်။

ဝယ်ယူအားပေး

ထို့ပြင် ပြည်နယ်နှင့် တိုင်းကိုယ်စားပြု ကျောင်းများကလည်း လက်မှုအနုပညာလက်ရာများ၊ ဒေသရိုးရာ အဝတ်အထည်များ၊ ဒေသထွက်ကုန်များကို ပြသရောင်းချလျက်ရှိရာ ကျောင်းသားကျောင်းသူများက အမှတ်တရ ဝယ်ယူအားပေးကြသည်။

ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်ရှိ အထက(၂) ကမာရွတ်၊ အထက(၁)ဒဂုံ၊ အထက(၄) ဗိုလ်တထောင်အပါအဝင် အခြေခံပညာအထက်တန်းကျောင်း ၁၃ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၈ဦးတို့က နံနက် ၈နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ တစ်ကြိမ် တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ဂူရှူးသရုပ်ပြခြင်း၊ ပုံပြောနှင့် ကဗျာရွတ် ပြိုင်ပွဲများ ကျင်းပခြင်းများပြုလုပ်ကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘများက ကြည့်ရှုအားပေးကြသည်။

ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဒုတိယနေ့တွင် ပြသထားသောပြခန်းများကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

Grand Royal ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

Grand Royal Special Reserve Golf Championship 2007 သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Hotel Nikko Royal Lake ရှိ Grand Ballroom ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ International Beverages Trading Co., Ltd. မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ International Beverages Trading Co,. Ltd. ၏ Design & Development Director ဦးတင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးချမ်းဟန်က ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် ဧည့်သည်များက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သိရှိလိုသော အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး သတင်းစာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

အဆိုပါ Grand Royal Special Reserve Golf Championship 2007 ပြိုင်ပွဲကို Qualify Rounds နှင့် Final Round ဟူ၍ နှစ်ပိုင်းခွဲခြား၍ Qualify Rounds ကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်တို့တွင် မန္တလေးမြို့၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တောင်ကြီးမြို့၌လည်းကောင်း၊ မတ် ၃ ရက်နှင့် ၄ရက်တို့တွင် မော်လမြိုင်မြို့၌ လည်းကောင်း၊ မတ် ၂၂ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး Final Round ကို ဧပြီ ၆ရက်၊ ၇ရက်နှင့် ၈ရက်တို့တွင် ရန်ကုန်မြို့၌ အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို Han Event Management က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပြီး Co- Sponsor များဖြစ်ကြသော Air Mandalay, Hotel Nikko,Srixon နှင့် Alpine တို့က ပံ့ပိုးကူညီပေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ၄ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်တွင် ကျင်းပရာ သုံးလမှခြောက်လ ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ဘုန်းမြင့်နိုင်အား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ပပဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ မြန်မာနိုင်ငံ စက်မှုဇုန်များအက်ဥပဒေပြဋ္ဌာန်းမည်၊ ဂျီအက်စ်အမ်ဖုန်းရှိသည့်အိမ်များတွင် ရက်ပီတာများအသုံးမပြုရန်သတိပေး၊ တစ်ရက်လျှင် မြန်မာရွှေ့ပြောင်းလုပ်သား သုံးရာခန့် မလေးရှားနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်နေ၊ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးတွင် မော်တော်ယာဉ်နှင့် ခရီးသည်မျှတမှုမရှိ၊ ခရီးသည်တင်ယာဉ်များတွင် အံ့ဝှက်များပြုလုပ်၍ တရားမဝင်ပစ္စည်းများ ရန်ကုန်မြို့အတွင်း သယ်ယူမှုများရှိနေ စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ချယ်ဆီးရဲ့ သုံးနှစ်ဆက်ချန်ပီယံအိပ်မက်လေး ခပ်ရေးရေး အားကစားဆောင်းပါးနှင့်အတူ အင်ဒိုနီးရှားပင်လယ်ကူး ကူးတို့တိမ်းမှောက် ၁၇၇ဦး သေကံမရောက်၊ အရက်စွဲခြင်းကိုဖယ်ရှားပေးသော ဓာတုပစ္စည်းတွေ့လာ၊ တရုတ်နိုင်ငံစစ်အင်အားတိုးချဲ့မှုငြိမ်းချမ်းရေးအတွက်သာဟုဆို၊ အီရတ်ခေါင်းဆောင်ဆက်ဒမ်ဟူစိန်အား ဇာတိမြို့၌ဂူသွင်း၊ ကမ္ဘာ့ဧည့်များကို စင်ကာပူက အသည်းအသန်ဆွဲဆောင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ ကျန်းမာရေး၊ဖျော်ဖြေရေး၊စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၇ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ စိတ်နေကောင်းဖို့တရားတော် (အရှင်ဆေကိန္ဒ)
- ၈:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင် ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)(အစားအစာနှင့် ပတ်သက်သော ပြဿနာ အမေးအဖြေများ)
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ နယဉ်ဆန်းထွင်ပန်းအလှဆင်
- ၉:၃၀ ဂီတသံစဉ်အလှဆင် (နီနီဝင်းရွှေ)
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ သတ္တုတူးသောရွာကလေး
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ [မောင်မောင်ဦး(စနိုးဝှိုက်)နှင့် တွေ့ဆုံခြင်း] (ပထမပိုင်း)
- ၁၀:၅၀ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၁၀:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ အန္တရာယ်ကင်းသောမိခင်ဘဝ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးရိုက်အားကစား(အခြေခံ) (လေးပုံသုံးပုံလွှဲချက် ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
- ၁၂:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၃၅ အစဉ်နောင်အမှန်မြဲမယ် ရေလှောင်တမံရဲ့နွယ်
- ၁၂:၅၀ တေးဂီတအစီအစဉ်
- ၁၂:၅၅ ရွှေထည်ပြုလုပ်ခြင်းအနုပညာ
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရဟန်းတော်များ ဝိပဿနာ ဆရာဖြစ်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၇

ပသုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ (၁၄)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အဖွဲ့ချုပ်ခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အဖွဲ့ချုပ် ပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇောတိကနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဖေတို့က သင်တန်းအောင် သံဃာတော် ၅၁ ပါးနှင့် လူပုဂ္ဂိုလ် တစ်ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ပေးအပ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- **၄:၃၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၃၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၈)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၇။ မေးမြန်းစူးစမ်း
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီး (ဒုတိယတွဲ) အပိုင်း(၁၂)**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

✻ ပေါင်းလောင်းမှ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးလက်စာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျေးရွာမူလတန်းကျောင်းဟောင်းနှင့် ဆောက်လုပ်ပြီး မူလတန်းကျောင်းသစ်ကိုလည်းကောင်း၊ ရေအားဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

ပေါင်းလောင်းအရှေ့ခြမ်း တစ်ဝိုက်ရှိ တောင်ပေါ်ကျေးရွာ ၆၇ ရွာ အနက်ရေအားလျှပ်စစ်မီးစက် ၂၈ ရွာ တပ်ဆင်ပြီးဖြစ်ရာ ကျန် ၃၉ ရွာအတွက် မီးရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့ ဖွင့်လှစ်ပေးခဲ့သော ရေအားလျှပ်စစ်မှာ 5.KVA ထွက်ရှိပြီး နှစ်ပေမီးချောင်း အချောင်း ၅၀ ကို မီးထွန်းနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပျဉ်းမနားခရိုင် ဘန်ဘားကျေးရွာအုပ်စု အောင်ဘိတ်သိတ်ကျေးရွာ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားနှင့် ရေအားလျှပ်စစ်ဓာတ်အားဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်းရုံးရေးမှူးတို့က ရောင်ခြည်ဦး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရေအားလျှပ်စစ်မီးစက်ခလုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ ၂၀၀ ကို ပျဉ်းမနားခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဌေးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက အောင်ဘိတ်သိတ်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်သို့ ဂျာနယ်မျိုးစုံနှင့် စာနယ်ဇင်းများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေအားလျှပ်စစ်လုပ်ငန်းများကို ကြည့်ရှုသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ စီမံကိန်း(နေပြည်တော်)သို့ ရောက်ရှိပြီး ထုံးကျောက်သိုက်ကြွယ်ဝသော တောင်ဖီလာတောင်နှင့် ပင်မစက်ရုံ၊ ဆက်စပ်အဆောက်အအုံများ တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးများအား မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက လုပ်ငန်းဆိုင်ရာ အစီအမံများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ရေနီမြို့ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံဝင်းအတွင်း တန် ၈၀၊ တန် ၅၀ စက္ကူညိုနှင့် ပျော့ဖတ်စက်ရုံစီမံကိန်းသို့ ရောက်ရှိကာ စီမံကိန်းများ အကောင်အထည်ဖော်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေးမှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ဆောက်လုပ်ရေးမှ

တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးများဖြစ်ကြသော ဦးဌေးမြင့်နှင့် ဦးဆန်းဝင်းတို့၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ယခုအခါ ပင်မတံတား၏ သံကူကွန်ကရစ် ကြမ်းခင်းပြားများခင်းခြင်း လုပ်ငန်းတွင် ပင်မသံပေါင်ခုံး သုံးခု၌ နှစ်ခုံးပြီးစီး၍ အလယ်ခုံး တစ်ခုသာ လျှင် သံကူကွန်ကရစ် ကြမ်းခင်းပြားခင်းရန် ကျန်ရှိပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးညီထွန်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ အရာရှိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၃၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၇-၁-၂၀၀၇

ဟားခါး
(-၁)ဒီဂရီစင်တီဂရိတ်

ဟဲဟိုးနှင့်မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၂၀ ဒီဂရီစင်တီဂရိတ်

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရာ (၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ) ဆရာ၊ ဆရာမဟောင်းများနှင့် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် အသက်(၅၀) နှင့်အထက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ အဥ္ဇလီကန်တော့ပန်းတေးထပ်ဖြင့် ဒေါ်ခိုင်ဇင်ရွှေက ဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများက ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ယဉ်ကျေးမှုတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဆရာကြီး ဦးဇော်သန်းနှင့်ဆရာ၊ ဆရာမကြီးများက ဩဝါဒစကားပြောကြားပြီး ဆရာကန်တော့ပွဲကျင်းပရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ ကိုခင်မောင်ဌေးက ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့ပစ္စည်းများ ပေးအပ်သည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဧည့်ခံဖျော်ဖြေပြီး ကံစမ်းမဲများ ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (ကြေးမုံ)

ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်နှင့် ငွေပဒေသာပင်များ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်၊ စာစောင်၊ ဘိုးဘွားရိပ်သာ ပြက္ခဒိန်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က ရှင်းလင်းပြောကြား၍ အဘိုးအဘွားများကိုယ်စား အဘိုးဖုန်းနှင့် အဘွား ဒေါ်တင်မြိုင်တို့က လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများ ကိုယ်စား အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က လည်းကောင်း ပေးအပ်လှူဒါန်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ လှူဒါန်းမှုအစုစုမှာ စာအုပ်စာစောင် အုပ် ၃၃၀၀၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာပြက္ခဒိန် ၅၀၀ နှင့် ငွေသားကျပ် ၂၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမတွင် ကျင်းပရာ (၁)နှစ်ခွဲမှ (၂)နှစ် ပြိုင်ပွဲတွင် ပထမဆုရရှိသူ မသိမ့်သဉ္ဇာဝင်းအား အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ ဆုချီးမြှင့်စဉ်။ (မိခင်/ကလေး)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

❍ **ပျဉ်းမနားမြို့နယ်မှ**

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက **“စုံညီဆင်နွှဲ ဆုနှင်းပွဲ”**သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်ကုန်းမြို့နယ်

အလားတူ တပ်ကုန်းမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက **“မြန်မာ့ကျောင်း”** သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆုများချီးမြှင့်

ထို့နောက် စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ ဖြေဆိုအောင်မြင်ကြသူများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျှော်စင်ကျွန်းပြည့် အားပေးကြသော မြန်မာ့ရိုးရာ လက်ဝှေ့ ပရိသတ်များအား တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

✳ **မြန်မာ့ရိုးရာလက်ဝှေ့မှ**

ကျော်ဆန်း(မြောင်းမြ)ကို တတိယအချီ ၅၄စက္ကန့်၌လည်းကောင်း၊ ဝင်းထွန်း(မြို့တော်စည်ပင်)က စောခွဲလေး (ထားဝယ်) ကို တတိယအချီ ၁ မိနစ်၃၀ စက္ကန့်၌လည်းကောင်း အလဲထိုးဖြင့် အသီးသီးအနိုင်ယူသွားသည်။

လုံးချောနှင့် ရွှေဝါထွန်းတို့ပွဲတွင် ပထမအချီ၌ ရွှေဝါထွန်းက သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ရာ ရွှေဝါထွန်း၏ ညာဖြတ်လက်သီးတစ်လုံးက လုံးချောကို အနည်းငယ်လေးလံသွားစေခဲ့သည်။ ဒုတိယအချီတွင် တက်လူ လုံးချောက ဘယ်ညာတွဲလက်သီးများ၊ ပစ်ဒူးများဖြင့် အင်တိုက်အားတိုက် ထိုးသတ်ရာ ၁ မိနစ် ၂၇ စက္ကန့်၌ ရွှေဝါထွန်း နှစ်မိနစ် အနားတောင်းခဲ့ရသည်။ ကျန်ရှိချိန်ကို ဆက်လက်ဖြည့်စွက်ထိုးသတ်ရာ ၂၈ စက္ကန့်အကြာ(ဒုတိယအချီ ၁ မိနစ် ၅၅ စက္ကန့်)တွင် လုံးချော၏ ဘယ်ခြေအမြင့်ကန်ချက်က ရွှေဝါထွန်း၏ ညာဘက်မေးရိုးကိုထိကာ ပြန်မထနိုင်တော့သဖြင့် လုံးချောအလဲထိုးဖြင့် အနိုင်ရသွားသည်။

ယခုလက်ဝှေ့ပွဲသည် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးပြီးသွားသည့်နောက် ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပသော ပွဲကြီးဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လဟာပြင်၌ပြုလုပ်သော ပြိုင်ပွဲကြီးလည်းဖြစ်သည့်အပြင် လုံးချော၏ ပထမအကြိမ် ချန်ပီယံသရဖူ ကာကွယ်ပွဲလည်း ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

❒ **ဆူနာမီမှ**

ကမ္ဘာတစ်ဝန်းတွင် လက်ရှိအသုံးပြုသည့် ဆူနာမီသတိပေးရေးစနစ်များထက် ပိုမိုတိကျစွာဟောကိန်းထုတ်နိုင်မည်ဖြစ်ကြောင်း ကမ္ဘာမြေသိပ္ပံရေးရာ ဝန်ကြီးဌာနဝန်ကြီး ကာပီးလ်ဆီဘယ်လ်က ပြောကြားသည်။

အာရှတောင်ပိုင်းနှင့် အရှေ့တောင်အာရှဒေသတို့တွင် ဆူနာမီရေလှိုင်းကပ်ဘေး ဆိုက်ရောက်မှုကြောင့် လူပေါင်း ၂၅၀၀၀၀ ကျော် သေဆုံးခဲ့ရသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့မှု နှစ်နှစ်ပြည့်မြောက်သည့် အခါသမယတွင် ဆီဘယ်လ်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံ တမီလ်နာဒူးလ်ပြည်နယ်တွင် လူပေါင်း ၈၀၀၀ကျော် သေဆုံးခဲ့ရသည်။ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့သည် ဆူနာမီရေလှိုင်း ကပ်ဘေးကို အဆိုးဆုံးတွေ့ကြုံခဲ့ရသည့် နိုင်ငံများဖြစ်ကြသည်။

လက်ရှိအသုံးပြုနေသော ဆူနာမီသတိပေးရေး စနစ်များသည် လွဲမှားသော သတိပေးမှု ၆၀ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း ဆီဘယ်လ်က ပြောကြားသည်။ ပင်လယ်ကြမ်းပြင်တွင် တပ်ဆင်ထားသည့် ဖိအားမှတ်တမ်းတင်စက်များမှ ပေးပို့သော သတင်းအချက်အလက်များကို ဆန်းစစ်လေ့လာပြီးမှ သတိပေးမှုပြုလုပ်ခြင်းသည် ပိုမိုတိကျမှန်ကန်နိုင်ကြောင်း ၎င်းကပြောကြားသည်။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်ဒေသနှစ်ခုတို့တွင် ဆူနာမီသတိပေးရေးစက်ကိရိယာ ၁၀ ခု တပ်ဆင်သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မိမိတို့ ဝန်ကြီးဌာနသည် အိန္ဒိယအာကာသသုတေသနအဖွဲ့နှင့် အိန္ဒိယမိုးလေဝသဌာနတို့၏ နည်းပညာအကူအညီရယူကာ ဆောင်ရွက်လျက်ရှိကြောင်း ဆီဘယ်လ်က ပြောကြားသည်။

အင်တာနက်။

အာဆီယံတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲဝင်မည့် လက်ရွေးစင်ဘောလုံးအသင်းအား အားကစားဝန်ကြီး မှာကြား

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံတွင် ပြုလုပ်မည့် အာဆီယံတံခွန်စိုက် ဘောလုံးပြိုင်ပွဲ၏ (က)အုပ်စုပွဲစဉ်များယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မှာကြားသည့်အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အာဆီယံတံခွန်စိုက် ဘောလုံးပြိုင်ပွဲအား ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အဖွဲ့ဝင်များအား ဝန်ကြီးနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာအသင်းအဖွဲ့ခေါင်းဆောင် ဦးသန်းဇော်၊ နည်းပြချုပ် ဦးဆန်းဝင်းတို့ကအသင်း၏ လေ့ကျင့်ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲတွင် တရားသောယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် ကြိုးပမ်းရန်၊ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းသွားရန် စသည်ဖြင့် မှာကြားသည်။ ယင်းနောက် ဝန်ကြီးက မြန်မာအသင်းပြိုင်ပွဲတွင် အသုံးပြုမည့် အားကစားဝတ်စုံများ၊ အားကစားအထောက်အကူပြု ပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အာဆီယံတံခွန်စိုက် ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင်အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းဇော်(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ အသင်းအတွင်းရေးမှူးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ဆေးမှူးအဖြစ် ဒေါက်တာအုပ်စိုးဦး၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ လုံခြုံရေးအရာရှိအဖြစ် ဦးအေးမောင်လေး၊ သတင်းပြန်ကြားရေးအဖြစ် ဦးကြည်မင်းသိန်း၊ အားကစားသမားများအဖြစ် ဂိုး–အောင်အောင်ဦး၊ကျော်ဇင်ထက်၊ ကိုကိုအောင်၊ နောက်တန်း–ဇော်လင်းထွန်း၊ မင်းသူ၊ မိုးဝင်း၊ ခင်မောင်လွင်၊ အေးစန်း၊ ဇော်ထက်အောင်၊ကျော်ခိုင်ဝင်း၊အလယ်တန်း–အောင်မျိုးသန့်၊ အောင်မြင့်အေး၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ စိုးသီဟအောင်၊ ခင်မောင်ထွန်း၊ ကျော်သီဟ၊ စိုးမြတ်မင်း၊ ရှေ့တန်း–ရန်ပိုင်၊စည်သူဝင်း၊ လှအေးထွေးနှင့် ကျော်သူရတို့ပါဝင်ကြသည်။

အာဆီယံ တံခွန်စိုက် ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲထားပြီး ထိုင်းနိုင်ငံတွင် ကျင်းပမည့်(က)အုပ်စုတွင် ထိုင်း၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်တို့ပါဝင်ပြီး စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (ခ) အုပ်စုတွင် စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုတို့ပါဝင်ကြသည်။ မြန်မာအသင်းသည် ဇန်နဝါရီ၁၂ရက်တွင် အိမ်ရှင်ထိုင်း၊ ၁၄ရက်တွင် မလေးရှား၊ ၁၆ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆီယံတံခွန်စိုက် ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်နှင့်ဖိုင်နယ်ပွဲစဉ်များကို သက်ဆိုင်ရာအသင်းများ၏ ကွင်းများ၌ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

အနိုင်ရရှိသွားသူလုံးချောအား ချီးမြှောက်ဂုဏ်ပြုနေကြသော ပရိသတ်များနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကျိုင်းလတ်မြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်တိုက်မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး

နေပြည်တော် ဇန်နဝါရီ ၇

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေဒဏ်ရာရ၊အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုလုပ်ဆောင်လျက်ရှိရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက် ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလတ်မြို့နယ် ဝမ်ယန်းကျေးရွာမှ အိုက်တဲ(၄၅)နှစ်၊ ပေါက်ရှဲမူ(၄၂)နှစ်နှင့်နမ့်ဝမ်းကျေးရွာမှ အိုက်ကြူ(၃၅)နှစ်တို့(၃)ဦးသည် ဝမ်ယန်းကျေးရွာမှ ပါလောင်းကျေးရွာသို့ ထွက်ခွာလာရာ နမ့်ကစ်ချောင်းနှင့် နမ့်အင်းချောင်းအကြားရောက်ရှိစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲရာ အိုက်ကြူနှင့် ပေါက်ရှဲမူတို့နှစ်ဦးမှာ မိုင်းထိဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်ကိုသိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းက အဆိုပါနေရာသို့ သွားရောက်၍ မိုင်းထိလူနာအား လိုအပ်သည်များကူညီဆောင်ရွက်ပေးပြီး သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူပေါင်းကာ သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ၁၉၆၄ ခုနှစ်တွင် စတင်တက်ရောက် ပညာသင်ကြားခွင့်ရခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ၂၀ ရက်(စနေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်တိုင် နှစ်အလိုက် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ ဆေးတက္ကသိုလ်(၁)သို့ ၁၉၆၄ခုနှစ်၌ စတင်တက်ရောက်ခွင့် ရရှိခဲ့သူများနှင့် ၁၉၇၁ခုနှစ်၌ ဆေးပညာဘွဲ့ရရှိခဲ့သူ အားလုံးကိုဖိတ်ကြားထားရာ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ အားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာအေးမြင့် ဖုန်း ၀၁–၇၀၄၅၆၁၊ ၀၁–၅၆၅၉၁၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း ၀၁–၆၂၉၃၆၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း ၀၁–၅၃၇၆၅၆ နှင့် ဒေါက်တာလှလှမြင့် ဖုန်း ၀၁–၂၀၀၀၈၆၊ ၄၄၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၄ရက်က ဒလမြို့နယ် သီရိဇေယျာနော်ရထာ ခန်းမ၌ ကျင်းပရာ ကလေးပြိုင်ပွဲတွင် အမွှာဆု ပထမ ရရှိသွားသော မြို့မ(၄)ရပ်ကွက်မှ ကလေးငယ်အား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၁–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၅ ၇။ အတီးပြိုင်ပွဲ

၈:၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၅ ၉။ မံဆောင်းတံတား(ချင်းပြည်နယ်)

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Grammar Made Easy.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)

၄:၅၅ ၅။ အကပဒေသာ

၅:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား

၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ

၅:၃၅ ၈။ **“မျှော်သူမဲ့မောစေချင်” (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**

၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၄၀)**

၆:၅၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်

၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ညီမငယ်ပါသေး” (အပိုင်း–၅)**

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၁၃)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ပဉ္စာန်းပူဇော်ပွဲနှင့်ဆွမ်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၈၂/၃၃ (၁၀)ရပ်ကွက် စနေပါတ်သံဃဒါန ဆွမ်းလောင်းအသင်းကြီး၏ (၁၆)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲ တရားပွဲများကို ရတနာသီရိလမ်းနှင့် သာစည်လမ်းတွင် ဇန်နဝါရီ ၉ရက်မှ ၁၅ရက်ထိ ညစဉ် ရနာရီတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၉ရက်တွင် အရှင်တိက္ခာစာရ မဟာသဒ္ဓမ္မဇောတိကဓဇ အောင်သိဒ္ဓိဆရာတော်(သမိုင်း)၊ ၁၀ရက်တွင် ဦးဝိစာရ မဟာစည်ညောင်ကန်အေးရိပ်သာ ကမ္မဋ္ဌာနာစရိယ၊ ၁၁ရက်တွင် ဦးခေမိန္ဒ နယ်လှည့်ဓမ္မကထိက (တ/ဒဂုံ)၊ ၁၂ရက်တွင် ဦးရေဝတ နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော်၊ ၁၃ရက်တွင် ဦးဝိသုတ နယ်လှည့်ဓမ္မကထိက (မုံရွာ)၊ ၁၄ရက်တွင် ဦးကဝိန္ဒ နယ်လှည့်ဓမ္မကထိက(တ/ဒဂုံ)၊ ၁၅ရက်တွင် ဦးဝိလာသ ဓမ္မကထိက မိုးကုတ်ဝိပဿနာ(ငါးဖယ်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

စတုတ္ထအကြိမ်မြောက် ခြင်းရုံပေါင်းစုံခြင်းလုံးခတ်ပြိုင်ပွဲ ဆုပေးပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ အဖွဲ့ချုပ်နာယက ဖြူစင်မေတ္တာဆေးတိုက်ပိုင်ရှင် မိုးကုတ်ဦးကျော်စိန်က ပထမဆုရ ရွှေတိုင်အသင်း၊ ဒုတိယဆုရ ကျွန်းရွှေဝါအသင်းနှင့် တတိယဆုရ ကျောက်မြောင်းအသင်းတို့အား ငွေသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်စဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

ပန်းပျိုးသူတို့အလကာ ရုံတင်မည်

ရန်ကုန် ဇန်နဝါရီ ၇

ဇန်နဝါရီ ၇ရက် တနင်္လာနေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ ပြသဆဲ မြန်မာရုပ်ရှင် ဇာတ်ကားသစ်ဖြစ်သည့် ပြဒါးမှဲ့မှန်ဇာတ်ကားတစ်ကားတည်းသာ သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။ ပြဒါးမှဲ့မှန် ဇာတ်ကားကို စနိုးပိုက်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုလွင်(စနိုးပိုက်)၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမောင်မောင်ဦး (စနိုးပိုက်)ဒါရိုက်တာအဖြစ် ရိုက်ကူးထားပြီး နိုင်းနိုင်း၊နန္ဒာလှိုင်၊မေသန်းနု၊ ညီဘွား၊ထွန်းထွန်းဝင်းနှင့် မေထွင့်ခေါင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်၊ လောကတွင်ဖြစ်ပျက်နေသောဒုက္ခ၊သုက္ခ အဖုံဖုံကို ပြဒါးမှဲ့မှန်ဖြင့်ကြည့်နေရသလို ထိုးဖောက်မြင်နိုင်စေရန် ဖော်ညွှန်း ရိုက်ကူးတင်ပြသည့်ဇာတ်ကားဖြစ်သည်။ မြင်လိုသူ ရုပ်ရှင်ချစ်ပရိသတ်များ အကြိုက်တွေ့မည့် မြန်မာဇာတ်ကား တစ်ကားဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ပင်လယ်ဓားပြ ဇာတ်ကားဖြစ်သည့် Pirates of The Caribbean ဇာတ်ကား၊ မင်္ဂလာရုံတွင် Aeonflux စွန့်စားမှု အသားပေး ဇာတ်ကြမ်းကားနှင့် နေပြည်တော်ရုံတွင် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး အဖွဲ့ဝင်များ၏ ဖြစ်ရပ်များကို ဇာတ်လမ်းဆင်ထားသည့် Miami Vice ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည် ၎င်းကားတွင် နာမည်ကြီး တရုတ် မင်းသမီး ဂေါင်လီပါဝင်သည်။

ရှိမြင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ မောင်စိုးအောင်၏ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဟိန်းစိုးရိုက်ကူးသည့် ပန်းပျိုးသူတို့အလင်္ကာ ဇာတ်ကားမှာ မကြာမီ မြို့လယ်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်သည်၊ ၎င်းဇာတ်ကားတွင် လူမင်း၊နေတိုး၊မေသဉ္ဇာဦး၊နဝရတ်နှင့် ညော့်သည်သရုပ်ဆောင် ဇော်ဝမ်းတို့ ခေါင်းဆောင်ပါဝင်ကြပြီး ရှမ်းပြည်နယ် အင်းလေးဒေသ၏ အလှအပများကို နောက်ခံထား၍ ရိုက်ကူးထားခြင်း ဖြစ်သည်။ (ကြေးမုံ)

မကြာမီ ရုံတင်ပြသတော့မည့် ပန်းပျိုးသူတို့အလင်္ကာဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို ရှုစားရစဉ်။

မန်ချက်စတာယူနိုက်တက် အက်စ်တန်ဗီလာကိုအနိုင်ရ

လန်ဒန် ဇန်နဝါရီ ၇

အင်္ဂလိပ် အက်ဖ်အေဖလား တတိယအကျော့ဘောလုံးပြိုင်ပွဲကို အင်္ဂလန်မြောက်ပိုင်း မန်ချက်စတာမြို့တွင် ယနေ့ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းက အက်စ်တန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပွဲချိန် ၅၅ မိနစ်နှင့် မိနစ်၉၀ တို့တွင် လာဆင်နှင့် ဆိုးလ်ရှားတို့က ဂိုးသွင်းပေးခဲ့ပြီး အက်စ်တန်ဗီလာအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် ၇၄မိနစ်တွင် ဘားရီ့စ်က သွင်းပေးခဲ့သည်။

အင်တာနက်။

မော်ရင်ညို အင်တာမီလန်သို့ ပြောင်းနိုင် ချယ်လ်ဆီးပိုင်ရှင်နှင့် ဆက်ဆံရေးဆိုးရွားဟုဆို

လန်ဒန် ဇန်နဝါရီ ၇

ချယ်လ်ဆီးအသင်းသည် နည်းပြဂတ်စ်ဟိုက်ဒင့်အား ချဉ်းကပ်လျက်ရှိကြောင်း မီဒီယာသတင်းများတွင် ယနေ့ဖော်ပြသည်။

ချယ်လ်ဆီးအသင်း၏ လက်ရှိနည်းပြ ဟိုဆေးမော်ရင်ညိုသည် လာမည့်နွေရာသီတွင် ကန်ထရိုက်သက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ ဟိုက်ဒင့်အားနည်းပြအဖြစ် ခေါ်ယူရန် ဆွေးနွေးနေသည်ဟု သတင်းများတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်း၏ပိုင်ရှင် ရိုမန်အေဘရာမိုဗစ်ချ်၊ အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်တို့နှင့် မော်ရင်ညို၏ဆက်ဆံရေးမှာ အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိနေပြီဟု သတင်းစာများတွင် ရေးသားဖော်ပြသည်။

မော်ရင်ညိုသည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့နိုင်သည်ဟု ခန့်မှန်းထားသည်။ လောလောဆယ်တွင်မူ မော်ရင်ညိုသည် ပရီမီယာလိဂ်ချန်ပီယံဆုဖလား ရရှိရေးအတွက် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နေသော မန်ချက်စတာ ယူနိုက်တက်အသင်းကိုမီရန် ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်။

အကောင်းဆုံး ဘောလုံးသမားဆုကို ရနိုင်သူ ပေါလ်စကိုး။

(ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံး ဘောလုံးသမားဆု ပေါလ်စကိုး ရနိုင်ဖွယ်ရှိဟုဆို

လန်ဒန် ဇန်နဝါရီ ၇

မန်ချက်စတာယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား ပေါလ်စကိုးသည်နှစ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ရနိုင်ဖွယ်ရှိသည်ဟု ယင်းအသင်း၏မန်နေဂျာ ဆာအေလက်စ် ဖာဂူဆန်က ယနေ့ပြောကြားသည်။

အသက် ၃၂နှစ်အရွယ်ရှိ ပေါလ်စကိုးသည် အမြင်အာရုံအားနည်းမှုကြောင့် လွန်ခဲ့သည့်ဘောလုံးရာသီအတွင်း အချိန်ပြည့်ဘောလုံးကစားနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် လက်ရှိဘောလုံးရာသီတွင် တက်တက်ကြွကြွပါဝင်ကစားလာပြီး ယခုအချိန်အထိငါးဂိုးသွင်းပေးနိုင်ခဲ့သည်။ ပေါလ်စကိုးသည် ဇန်နဝါရီ ၇ရက်တွင် ကျင်းပမည့် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၌ အက်စ်တန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်သည်။

အင်္ဂလန်ရှိ ကွင်းလယ်ကစားသမားများအနက် ပေါလ်စကိုး၏ကစားပုံမှာ အကောင်းဆုံးဖြစ်ကြောင်း၊ ဉာဏ်နှင့်ယှဉ်ကာ ဘောလုံးကစားနိုင်သူတစ်ဦး ဖြစ်ကြောင်း၊ အကောင်းဆုံးဘောလုံးသမားဆုကို ၎င်းရရှိထိုက်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ *အင်တာနက်*

အင်တာနက်အားကစားသတင်းများ

ဇန်နဝါရီ ၆ ရက်က အင်္ဂလန်မြောက်ပိုင်း လီဗာပူးတွင်ကျင်းပသည့် အက်ဖ်အေဖလား တတိယအကျော့ပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ဇာဘီအလွန်ဆို (ယာ)**နှင့် အာဆင်နယ်အသင်းမှ ဟင်နရီတို့ ဘောလုံးရရှိရေးကြိုးပမ်းကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အာဆင်နယ်က လီဗာပူးကို အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၇

အင်္ဂလိပ်အက်ဖ်အေဖလား တတိယအကျော့ ဘောလုံးပြိုင်ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ဇန်နဝါရီ ၆ ရက်က အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဖွင့်ဂိုး

ပွဲချိန် ၃၇ မိနစ်တွင် အာဆင်နယ်အသင်းမှ သောမတ်ရိုဆစ်ကီးက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၄၅ မိနစ်တွင် ၎င်းကပင် ဒုတိယဂိုးသွင်းယူသည်။

ပွဲချိန် ၇၂ မိနစ်တွင် လီဗာပူးအသင်းမှ ဘွတ်က ချေပဂိုးတစ်ဂိုးကို ပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် ဟင်နရီက ပွဲသိမ်းဂိုးကို သွင်းပေးခဲ့သည်။ *အင်တာနက်*

ဆော်ဒီအသင်းတွင် ၁၈လ ပါဝင်ကစားရန် လူးဝစ်ဖီဂို စာချုပ်လက်မှတ်ရေးထိုး

ရီယာဒ် ဇန်နဝါရီ ၇

နှစ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့ဖူးသူ လူးဝစ်ဖီဂိုသည် ဆော်ဒီအာရေဗျ နိုင်ငံရှိ အယ်လ်အစ်တီဟက် ကလပ်အသင်းတွင် ပါဝင်ကစားရန် ၁၈လ သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီးဖြစ်ကြောင်း အဆိုပါ ဘောလုံးအသင်းက ယနေ့ထုတ်ပြန်ကြေညာသည်။

ပြောကြား

အီတလီ အင်တာမီလန်အသင်းမှ လူးဝစ်ဖီဂိုသည် မိမိ၏အသင်းတွင် ပါဝင်ကစားရန် ဇန်နဝါရီ ၁ရက်မှ သက်တမ်းစတင်သည့် ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း အယ်လ်အစ်တီဟက် အသင်းအကြီးအကဲက ပြောကြားသည်။

လူးဝစ်ဖီဂိုအား အသင်းပြောင်းရွှေ့ကြေး မည်မျှဖြင့် ခေါ်ယူသည်ကို ထုတ်ဖော် ပြောကြားခြင်း မရှိပေ။

ကုန်ဆုံးမည်

အသက်(၃၄)နှစ်အရွယ်ရှိ ပေါ်တူဂီလူမျိုး ကွင်းလယ်ကစားသမား ဖီဂိုသည် အင်တာမီလန်အသင်းနှင့် ချုပ်ဆိုခဲ့သည့် ၎င်း၏ ကန်ထရိုက်စာချုပ်မှာ လက်ရှိဘောလုံးရာသီတွင် ကုန်ဆုံးမည် ဖြစ်သည်။

အင်တာနက်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အမျိုးသမီးရေးရာ ပညာပေးဟောပြော

ပဲခူး ဇန်နဝါရီ ၇

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့သည် အုတ်တွင်းမြို့နယ် ကြက်သွန်ခင်း (၁)ရပ်ကွက်ရှိ ကြယ်နီဆေးလိပ်ရုံတွင် ဒီဇင်ဘာ ၃၃ရက် နံနက် ၈ နာရီက အသိပညာပေး ဟောပြောပွဲကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်လေးရီက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပြီး အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ် ရေးဆိုင်ရာ ပညာပေး၊ ဥပဒေကြောင်း သိကောင်းစရာများအား ဟောပြောသည်။

ယင်းဟောပြောပွဲအခမ်းအနားသို့ တက်ရောက်သူများအား အမျိုးသမီးရေးရာစကားဝိုင်း ၁၅ ဝိုင်းခွဲ၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဌာနကြီးမှူးများနှင့် အဖွဲ့ခေါင်းဆောင်များက ပညာပေးဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုများကို မေးမြန်းဆွေးနွေးပြီး မရှင်းလင်းသည်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင်ကြက်သွန်ခင်း(၁)ရပ်ကွက်ရှိ ကြယ်နီဆေးလိပ်ရုံမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ဆေးလိပ်ရုံပိုင်ရှင်သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရဒေါ်သန်းသန်းနွဲ့က နာယက ဒေါ်စဝ်နွန်းခွန်ဆမ်ထံ ပေးအပ်ခဲ့ပြီး နာယကက ဆေးလိပ်ရုံ အလုပ်သမားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

ဖို့မြေဓမ္မာရုံ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံတွင် ဇန်နဝါရီ ဆွမ်းလောင်းလှူပွဲနှင့်အကြိုတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ ရက်တွင် ဘဒ္ဒန္တ ဒေဝိန္ဒာဘိဝံသ (သီတဂူဓမ္မကထိက)၊ ၁၁ ရက်တွင် ဘဒ္ဒန္တ ခေမာသီရိလင်္ကာရ (ရွှေကျောင်းဆရာတော်)၊ ၁၂ ရက်တွင်ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရ (သီတဂူဆရာတော်)၊ ၁၉ ရက်တွင် ဘဒ္ဒန္တ တေဇောစာရ (မလွန်ဆန်အလှူဆရာတော်)၊ ၂၀ ရက်တွင် ဘဒ္ဒန္တ ဝဏ္ဏိတ (မင်္ဂလာဂုဏ်ရည်ဆရာတော်)နှင့် ၂၁ ရက်တွင် ဘဒ္ဒန္တ အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာဆရာတော်) တို့က မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေ ဓမ္မာရုံတွင် ညစဉ် ၇နာရီမှ စတင်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စိန်မျှားမိသားစု၏ အထူးတရားပွဲ

ပဲခူး ဇန်နဝါရီ ၆

ပဲခူးမြို့ စိန်မျှားမိသားစုက ကြီးမှူးကျင်းပလှူဒါန်းသော ဆဋ္ဌမအကြိမ်မြောက် အထူးတရားပွဲကို ရွှေမော်ဓောဘုရားအနီး ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ ရက်(ဗုဒ္ဓဟူးနေ့)ည ၇နာရီတွင် အရှင်ဇဝန(မေတ္တာရှင် ရွှေပြည်သာ)၊ ဇန်နဝါရီ ၁၁ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကလေးအထူးတရားပွဲ၊ ည ၇ နာရီတွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)၊ဇန်နဝါရီ ၁၂ရက်(သောကြာနေ့)ည ၇နာရီတွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ဆရာတော်တို့က တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေအပေါင်း တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားထားသည် (က-ပ)

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ SILTA ကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ၏ Pre-school Talent Show ကို ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနခန်းမတွင် ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းသူ၊ကျောင်းသားငယ်များ စွမ်းရည်ပြသ ဖျော်ဖြေကြစဉ်။ (က-ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၈မိနစ် ၄၇ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ မြောက်အရှေ့မြောက်ဘက် ၃၈၅ မိုင်ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြည်တွင်း)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

သီရိသုဓမ္မဇောတဓရ ဦးစိုးသိန်း (M.D. ,Dana Aung Production Co.,Ltd.) ၏ ဇနီး **ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း**အား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ ရက် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် **"သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတိုက်အောင် (M.D., Dana Aung Production Co.,Ltd.)
ဇနီး-ဒေါ်ခင်စန်းဝင်း(ချင်းတွင်းမင်းသမီး၊အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-မုံရွာ)
သား မိုးစက်တိုက်အောင် အဋ္ဌမတန်း၊ အထက(၃)မုံရွာ

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

သီရိသုဓမ္မဇောတဓရ ဦးစိုးသိန်း (Managing Director, Dana Aung Production Co.,Ltd.) ၏ဇနီး **ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)**အား နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဗုဒ္ဓသာသနာတော်ကို ထူးခြားစွာ ဆတက်ထမ်းပိုး ထောက်ပံ့ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

ဦးဝင်းလွင် (Director, Dana Aung Production Co.,Ltd.)
ဇနီး ဒေါ်မြမြဝင်း အလပြ(ငြိမ်း) အထက(၁) မုံရွာ
သားကြီး သူရလွင် ဒသမတန်း၊ အထက(၁) မုံရွာ
သားလတ် ဝဏ္ဏလွင်(ခ)ဖိုးခွား ပဉ္စမတန်း၊ အထက (၁)မုံရွာ
သားငယ် ဇာနည်လွင်(ခ)James (Best Pre. School)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာအတတ်သင်ကျောင်း(အင်းစိန်)စစ်ရေးပြကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း ဖတ်ကြားစဉ်။ (က-ပ)

လှိုင်သာယာ စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၇

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် အမှုဆောင်ကော်မတီ အစီရင်ခံစာကို ကိုမာတိ(ပန်းတော်ကြီး)ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဆန်းဝင်း(အောင်မြေ)ကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ (မြို့နယ် စာပေစာနယ်ဇင်း)

ဂုဏ်ပြုဝမ်းမြောက်ကြောင်း

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ
သီဟသုဓမ္မသိင်္ဂီ ဘွဲ့ကို ဒေါ်ညွှန့်ညွှန့်ဝင်း
(ပျားဝတ်ရည် အင်တာပရိုက်စ်နှင့် စိန်ဆီစက်ပိုင်ရှင်)အား
ချီးမြှင့်ခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း
နှင့် သာသနာအကျိုးဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ဒါယကာ-ဒါယိကာမများ
ဟိုင်းကြီးကျွန်းမြို့

တက္ကသိုလ်ဝင်တန်းစာသင်သားတို့ လက်စွဲပြုဖွယ်ရာ
ဆရာညွှန့်ဝေမိုး စီစဉ်သည့်
educator
ဘာသာစုံအနှစ်ချုပ်
၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ အထူးထုတ်
ကျပ်ငွေ ၁၀ သိန်းတန် ပညာသင်ဆု အစီအစဉ်နှင့်
တိုင်းနှင့်ပြည်နယ်အလိုက် အရေးကြီးသော မေးခွန်းများစာပေါင်းပါဝင်သည်။

စာရေးသူကတော့ သူ့ဝတ္ထုတိုများကို ခေတ်လွန်ဟာသဝတ္ထုတိုများ လို့ အမည်ပေးလိုက်သတဲ့
မင်းလူ
နုလုံးသား ၃၈၀/၅၄ အပါအဝင်
Post - Humour ဝတ္ထုတိုများ

ပျဉ်းမနားမြို့နယ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေးပြီး ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၇

ပျဉ်းမနားမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ကျောင်းရှေ့ရွှေရတုရင်ပြင်၌ ဘင်ခရာတီးမှုတ်၍ ပန်းဖွားအကဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အိမ်တွင်းမှုပြကွက်၊ သိပ္ပံလက်တွေ့ပစ္စည်းများပြကွက်၊ သင်ထောက်ကူကားချပ်များ၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ရတနာမွန်ခန်းမ၌ ကျင်းပသော ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက **"မြန်မာ့ကျောင်း"**သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှထူးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာအထက်တန်းအဆင့် ဘက်စုံပညာထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

ပျဉ်းမနားမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲနှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာ အထက်တန်းအဆင့် ဘက်စုံပညာ ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပညာရေး/သုတေသန)

ထူးချွန်ဆုချီးမြှင့်

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့က ဘက်စုံပညာ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

နည်း ပ ညာ အင် တာ နက် သ တင်း

ဆူနာမီ သတိပေးစနစ်အတွက် ရေအောက် ဖိအားတိုင်းတာသည့်စက်ကို ပင်လယ်ကြမ်းပြင်၌ ထားရှိရန် သုတေသီများ ပြင်ဆင်ဆောင်ရွက်ကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆူနာမီသတိပေးစနစ်သစ် အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်

နယူးဒေလီ ဇန်နဝါရီ ၇

အိန္ဒိယသိပ္ပံပညာရှင်များသည် ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေး စနစ်သစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ဆူနာမီသတိပေးရေးစနစ်သစ်ကို ၂၀၀၇ခုနှစ် စက်တင်ဘာလထက်နောက်မကျဘဲ အပြီးတည်ဆောက်နိုင်မည်ဟု မျှော်လင့်ရကြောင်း ဒီဇင်ဘာ ၅ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ပင်လယ်အောက်ကြမ်းပြင်တွင် မြေငလျင်လှုပ်အပြီး ၁၀ မိနစ်အတွင်းမှာပင် ဆူနာမီရေလှိုင်း ဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်နိုင်ရန် အိန္ဒိယသိပ္ပံပညာရှင်များက မျှော်မှန်းသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပရိသတ်များ ကျွန်းလုံးပြည့်အားပေး လုံးချောက ရွှေဝါထွန်းကို ဒုတိယအချီတွင် ကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T&T Groupမှ စီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့ စိန်ခေါ်ပွဲများကို ယနေ့ညနေ ၆ နာရီတွင် ကန်တော်ကြီး ကရဝိက်ဥယျာဉ်မျှော်စင်ကျွန်း၌ ကျင်းပရာ လက်ရှိရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)က စိန်ခေါ်သူ ရွှေဝါထွန်း(သထုံ)အား ဒုတိယအချီ တစ်မိနစ် ၅၅ စက္ကန့်တွင် ဘယ်ခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူလိုက်သည်။

သတင်း–ဇင်မင်းထွန်း (ဓနုဖြူ)
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

၂၀၀၆ ခုနှစ် မေလတွင်ကျင်းပခဲ့သော ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲတွင် လုံးချောအား အမှတ်ဖြင့်ရှုံးနိမ့်ခဲ့ရသူ ရွှေဝါထွန်းက ပြန်လည်စိန်ခေါ်ထိုးသတ်သည့် "မျှော်စင်ကျွန်းမှစိန်ခေါ်သံ" အမည်ရှိ စိန်ခေါ်ပွဲတွင် လေးချီစိန်ခေါ်ပွဲ နှစ်ပွဲ၊ ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲပါဝင်ပြီး မျှော်စင်ကျွန်းလုံးပြည့် လာရောက်အားပေးကြသော ရိုးရာလက်ဝှေ့ ပရိသတ်များ အထူးနှစ်သက်သည့် အလဲထိုးပွဲများ ဖြစ်ခဲ့သည်။

လုံးချောနှင့် ရွှေဝါထွန်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

လေးချီ စိန်ခေါ်ပွဲများတွင် ပအိုဝ်းလေး (အလင်းရောင်)က သားလိမ္မာ (ရွှေလက်ရာ)အား တတိယအချီ ၁၉စက္ကန့်၌ လည်းကောင်း၊ မွန်လေး(မထိလာ) က စောအာကာ (တွံတေး) ကို တတိယအချီ တစ်မိနစ် ၁၀စက္ကန့်၌လည်းကောင်း အလဲထိုး အနိုင်ယူသွားသည်။

ငါးချီ စိန်ခေါ်ပွဲများတွင် မိုးကြိုး(K.L.N)က သုဝဏ္ဏမောင် (သထုံ)ကို ဒုတိယ အချီ နှစ်မိနစ် ၁၅စက္ကန့်၌လည်းကောင်း၊ မိုးသီး(မြန်မာပြည်သား)က ဒေါနု(ရွှေလက်ရာ)ကို တတိယအချီ နှစ်မိနစ် ၁၈စက္ကန့်၌ လည်းကောင်း၊ စောသဲမင်း(K.L.N)က ပုဏ္ဏား ဘကွန်း (မြန်မာပြည်သား) ကို ဒုတိယအချီ နှစ်မိနစ် နှစ်စက္ကန့် ၌လည်းကောင်း၊ ဟိန်းညီညီ(မြို့တော်စည်ပင်) က ရွှေဖလား (K.L.N) ကို တတိယအချီ နှစ်မိနစ် ၄၁စက္ကန့်၌လည်းကောင်း၊ မောရှေ(မြို့တော်စည်ပင်)က

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳